ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက်၊ တနင်္ဂနွေနေ့ (19-12-2010) (၆၆၁၇)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့်ပြည်ထောင်စု စိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၃)

သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ တက်ရောက်ချီးမြှင့်

နေပြည်တော် ဒီဇင်ဘာ ၁၈

တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၃) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၇ ရက် ညနေ ၅ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းတန်းပေါင်းစီကွင်း၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်ချီးမြှင့်ကြသည်။

အဆိုပါ သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီးညာဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူးများ၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

တက်ရောက်ချီးမြှင့်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တပ်မတော်နည်းပညာ တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၃) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြစဉ်။ (အပေါ်ပုံ) (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

The Mirror

၁၉-၁၂-၂၀၁၀
(တနင်္ဂနွေနေ့)

စွမ်းရည်ထက်မြက်သည့်တပ်မတော် ဆက်လက်တည်ဆောက် နိုင်ငံတော်နှင့် နိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်

"သမိုင်းသင်ခန်းစာအရ ဒီတပ်မတော်ဟာ ပြည်တွင်းတည်ငြိမ်အေးချမ်းရေးကို ဆောင်ရွက်နိုင်ရုံသာမက မမျှော်လင့်ဘဲဖြစ်ပေါ်လာတတ်တဲ့ ပြည်ပကျူးကျော်မှုမျိုးကိုလည်း တွန်းလှန်ချေမှုန်းနိုင်ရမှာဖြစ်တယ်။ ဒါကြောင့် တပ်မတော်ကို ခေတ်မီတဲ့ တပ်မတော်ဖြစ်အောင်၊ စွမ်းရည်ထက်မြက်တဲ့ တပ်မတော်ဖြစ်အောင် လက်ဆင့်ကမ်း ဆက်လက်တည်ဆောက်ကြဖို့ မှာကြားလိုတယ်"

တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၃) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ပြင်ဦးလွင်မြို့ တပ်မတော်နည်းပညာတက္ကသိုလ်စစ်ရေးပြကွင်း၌ ဒီဇင်ဘာ၁၇ရက်ကကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်ပြီး မိန့်ခွန်းပြောကြားရာ၌ အင်ဂျင်နီယာခေါင်းဆောင်ငယ်များအား အထက်ပါအတိုင်းမှာကြားသည်။

မျက်မှောက်ကမ္ဘာတွင် နိုင်ငံတိုင်းကမိမိတို့နိုင်ငံကို ကာကွယ်နိုင်ရေးအတွက် တပ်မတော်ကို ခေတ်မီအောင် တည်ဆောက်နေကြသည်။ဖျက်စွမ်းအားပြင်း လက်နက်ဆန်းများဖြင့် ကြည်းကြောင်း၊ ရေကြောင်း၊ လေကြောင်းသာမက အာကာသဆိုင်ရာလွှမ်းမိုးမှုများပါ အသုံးချစစ်ဆင်နိုင်ရေး ကြိုးပမ်းလျက်ရှိသည်။

ယင်းသို့သောအချိန်အခါတွင် နိုင်ငံတော်ကို အပြည့်အဝကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အားတောင့်တင်းသည့်တပ်မတော်ကို တည်ဆောက်လျက်ရှိသည်။ နိုင်ငံတော်နှင့် နိုင်ငံသားတို့ကို အကြွင်းမဲ့ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် ခေတ်မီသည့် တပ်မတော်ဖြစ်အောင်၊ စွမ်းရည်ထက်မြက်သည့် တပ်မတော်ဖြစ်အောင် ဆက်လက်တည်ဆောက်သွားကြရပေမည်။

စစ်ဘက်အင်ဂျင်နီယာခေါင်းဆောင်ငယ်များအနေဖြင့် စစ်ပညာနှင့် နည်းပညာများကို သင်ယူအောင်မြင်ခဲ့ပြီးဖြစ်ရာ မိမိတို့တတ်မြောက်သည့်အတတ်ပညာဖြင့် တပ်မတော်ကို စွမ်းစွမ်းတမံ အကျိုးပြုနိုင်ကြရပေမည်။ နိုင်ငံတော်ကာကွယ်ရေးနှင့် လေ့ကျင့်ရေးတာဝန်ထမ်းဆောင်ရင်း ရောက်လေရာဒေသမှ ကျေးလက်ပြည်သူများကိုလည်း ကူညီစောင့်ရှောက်သွားကြရမည်ဖြစ်သည်။

ခေတ်မီတပ်မတော်တည်ဆောက်ရေးအတွက် လူသားအရင်းအမြစ်များကို မွေးထုတ်ပေးလျက်ရှိရာတွင် တပ်မတော်နည်းပညာတက္ကသိုလ်သည် တစ်ခုအပါအဝင်ဖြစ်သည်။ စစ်ဘက်အင်ဂျင်နီယာ ခေါင်းဆောင်ငယ်များအနေဖြင့် တိုးတက်ထွန်းကားနေသည့် စစ်ဘက်သိပ္ပံနှင့် နည်းပညာများနှင့်အတူ ပြောင်းလဲလာသော မဟာဗျူဟာ၊ နည်းဗျူဟာများကိုပါ လေ့လာသင်ကြား လေ့ကျင့်နေကြရဦးမည်ဖြစ်သည်။

တပ်မတော် အင်ဂျင်နီယာခေါင်းဆောင်ငယ်များသည် စိတ်ဓာတ်မွန်မြတ်၊ စည်းကမ်းကောင်းမွန်သည့် တပ်မတော်၏အစဉ်အလာကောင်းများနှင့်အညီ အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် မျိုးချစ်တပ်မတော် တည်ဆောက်ရေးတာဝန်ကို လက်ဆင့်ကမ်း ဆက်လက်ထမ်းဆောင်ရင်း နိုင်ငံတော်ကို စွန့်လွှတ်စွန့်စား ကာကွယ်စောင့်ရှောက်သွားနိုင်ကြမည်ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား	
✪	ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
✪	နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
✪	နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
✪	ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရခိုင်ပြည်နယ် ဥက္ကဋ္ဌဒိုင်း ခရိုင်ပေါင်းစုံ အမျိုးသားအလွတ်တန်း ဘောလုံးပြိုင်ပွဲဖွင့်ပွဲ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်း တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၁၈

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒိုင်း ခရိုင်ပေါင်းစုံ အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကိုဒီဇင်ဘာ၇ ရက်တွင် စစ်တွေမြို့အားကစားကွင်း၌ကျင်းပရာ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ ပြိုင်ပွဲဝင်အသင်းများနှင့်အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး ဖွင့်ပွဲနေ့ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။

တိုင်းမှူးသည် ဒီဇင်ဘာ ၉ ရက်တွင် ကျောက်ဖြူတပ်နယ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ ကျောက်ဖြူမြို့ကမ်းနားလမ်းရှိ ကျောက်စီရေလှိုင်းကာနံရံတည်ဆောက်ခြင်းလုပ်ငန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကိုရှင်းလင်းတင်ပြပြီး တိုင်းမှူးက ကမ်းခြေတစ်လျှောက်လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြင်ဖြူမော် တာတမံဆည်ဖို့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကတ္တူချိုင်ကျေးရွာ၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များမှာကြားကာ ဒေသခံပြည်သူများအတွက် ချီးမြှင့်ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်၍ ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ စာရင်းကိုင်အဆင့် (၁) မွမ်းမံသင်တန်းဆင်းပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန စာရင်းကိုင်အဆင့်(၁) မွမ်းမံသင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၈

ဆောက်လုပ်ရေးဝန်ကြီးဌာန စာရင်းကိုင်အဆင့်(၁) မွမ်းမံသင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဗဟိုသင်တန်းကျောင်း (သုဝဏ္ဏ)၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးတင့်ဆွေ တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းသားသင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ သင်တန်းဆင်းပွဲကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၁၈ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ငါးပတ် ကြာမြင့်ခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၉-၁၂-၂၀၁၀(တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇း၀၄ ၃။ နိုင်ငံတော်သီချင်း
- ၇း၀၅ ၄။ တရားတော်
- ၇း၁၅ ၅။ ဓမ္မပူဇာတေး
- ၇း၂၀ ၆။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၇။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇း၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၃။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၄။ ပြီးပါပြီ။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ မြဝတီအဖွင့်
- ၁၁း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၁၁း၀၄ ၃။ နိုင်ငံတော်သီချင်း
- ၁၁း၀၅ ၄။ အဖွင့်သီချင်း
- ၁၁း၁၀ ၅။ မျိုးချစ်တပ်မတော်
- ၁၁း၃၀ ၆။ **ကာတွန်းအစီအစဉ် -ချစ်မိတ်ဆွေဗလကြီး (အပိုင်း-၁၄)**
- ၁၂း၀၀ ၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဘဝနှစ်ခုရဲ့တူညီတဲ့နှလုံးသား**
- ၁၂း၃၀ ၈။ ကျန်းမာသုတ
- ၂း၀၀ ၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်မျက်ရည်လေး ပြယ်ပါစေ (အပိုင်း-၂၅)**
- ၂း၅၀ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၂း၅၅ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄း၀၄ ၃။ နိုင်ငံတော်သီချင်း
- ၄း၀၅ ၄။ အဖွင့်သီချင်း
- ၄း၁၀ ၅။ မျိုးချစ်တပ်မတော်
- ၄း၂၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၃၀ ၇။ လျှပ်တစ်ပြက်
- ၄း၃၅ ၈။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၄း၄၅ ၉။ မြန်မာ့ရှုခင်း
- ၄း၅၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၂၀ ၁၁။ ဒီဖိုင်နာတို့ရဲ့ဒီဖိုင်း -အိမ့်ဖက်ရှင်
- ၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆း၃၀ ၁၄။ ဘဝကြေးမုံ -အကြွေး(အပိုင်း-၂)(ဇာတ်သိမ်း) (အောင်လွင်၊မင်းသူ၊ သာထက်ပိုင်၊ နဒီဝင့်နိုင်၊ ဟန်လေး) [ဒါရိုက်တာ-ဆဲဗင်း(အိုင်စီ)]
- ၆း၅၀ ၁၅။ ဂင်းနစ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
- ၇း၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကြယ်စင်ညီအစ်မများ (အပိုင်း-၃၇)**
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ နိုင်ငံတကာသတင်း
- ၂၀။ မိုးလေဝသသတင်း
- ၂၁။ ပဟေဠိနှန်းတော်
- ၂၂။ ကျန်းမာသုတ
- ၂၃။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ပြုံးပန်းလေးရဲ့ဖန်ဆင်းရှင် (အပိုင်း-၃၇)**
- ၂၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း (အပိုင်း-၁၂)**
- ၂၆။ သင့်အတွက်မနက်ဖြန်
- ၂၇။ အပိတ်နှုတ်ဆက်စကား
- ၂၈။ ပြီးပါပြီ။

Lenovo Christmas Road Show မြန်မာပြည်အနှံ့ ပြုလုပ်မည်

ရန်ကုန် ဒီဇင်ဘာ ၁၈

Lenovo Notebook, Netbook, Desktop,All in One PC များကိုအထူးဈေးနှုန်းဖြင့် ရောင်းချပေးမည့် Lenovo Christmas Road Show ပွဲကြီးကို ဒီဇင်ဘာ ၂၀ ရက်မှ ၃၁ ရက်အထိပြုလုပ်ပေးသွားမည်ဖြစ်သည်။ အထူးဈေးရောင်းပွဲတော်တွင် အထူးလျှော့ဈေးနှုန်းများဖြင့် ရောင်းချပေးခြင်း၊ အမှတ်တရလက်ဆောင်ပစ္စည်းအများအပြား ပေးအပ်သွားမည့်အပြင် တစ်သိန်းဆုငါးဆုကိုလည်း ကံစမ်းမဲဖောက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

Lenovo Christmas Road Show တွင် ဒီဇိုင်းလှပပြီး Function စုံလင်လူကြိုက်များသော Consumer Series Notebook များအပြင် ကမ္ဘာတစ်ဝန်းလုံးတွင် အကြမ်းခံမှုနှင့် စိတ်ချယုံကြည်ရမှုတို့ကြောင့် နာမည်ကြီးသော IBM မျိုးဆက်သစ် Lenovo Think Pad Notebook များကို မြန်မာနိုင်ငံတွင် International Warranty နှင့်အတူ ပြသရောင်းချပေးသွားမည်ဖြစ်သည်။ အသစ်ဝင်ရောက်လာသော မော်ဒယ်အသစ်များကိုလည်း ပြသရောင်းချပေးသွားမည်ဖြစ်ပြီး မိသားစုတိုင်းနှင့်စီးပွားရေးလုပ်ငန်းတိုင်းတွင် ကွန်ပျူတာအသုံးပြုနိုင်စေရန် ငွေကျပ်လေးသိန်းအောက်ဖြင့်သာ ရောင်းချပေးမည့် G460L Note- book၊ Graphicစွမ်းဆောင်ရည်မြင့်မားပြီး ကာလာစုံရွေးချယ်ဝယ်ယူနိုင်မည့် Z460Core i5 Notebookများအပြင် ရောင်းအားအကောင်းဆုံး G460Core i3 (Graphic & Without Graphic) မော်ဒယ်များကိုလည်း Road Showကာလအတွင်းရောင်းချပေးသွားမည်ဖြစ်သည်။

ထို့အပြင် သေးငယ်ပြီး အကြမ်းခံခြင်းကြောင့် အမြဲသယ်ဆောင်အသုံးပြုသော ကျောင်းသား ကျောင်းသူ၊စီးပွားရေးသမားများနှင့် စာနယ်ဇင်းသတင်းထောက်များအတွက် အကောင်းဆုံးစွမ်းဆောင်ပေးမည့် Lenovo Netbookများကိုလည်းဝယ်ယူရရှိနိုင်မည်ဖြစ်သည်။ Lenovo Christmas Road Show တွင်ဝယ်ယူသော မော်ဒယ်အလိုက် Prolink Mouse, SONY Mouse, Notebook Cleaning Kit, Lenovo Table Calendar, 2GB Pen Drive, 4GB Pen Drive တို့နှင့် အခြားအဖိုးတန်လက်ဆောင်များကို ပေးအပ်သွားမည်ဖြစ်သည်။

Lenovo အထူးဈေးရောင်းပွဲတော်တွင် ပါဝင်ရောင်းချပေးမည့်ဆိုင်ကြီးများမှာ ရန်ကုန်မြို့တွင်KMD,Technoland,ICE, INNWA, King Empire,UNIQUE, MRS, Citicom,NeoTech,King Service Wisdom, Access Spectrum, The Radiance, NeoTech, Perfect, ADTမန္တလေးမြို့တွင် KMD, Technoland, INNWA, MRS, DCD တို့နှင့် နေပြည်တော်၌ KMD တို့တွင်ကြည့်ရှုဝယ်ယူနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

News Watch (စောင့်ကြည့်) သတင်းဂျာနယ် ထွက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၁၈

သီရိမင်္ဂလာဈေးသစ်မကြာမီဖွင့်လှစ်မည်၊ အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်းလိုင်းသို့ အဲယားဘတ်စ်လေယာဉ်သစ်တစ်စင်းရောက်ရှိမည်၊ ကိုးဘွဲ့ရသာသနာပြုကျောင်းတိုက်တွင် ယဉ်ကျေးလိမ္မာ ကလေးအထူးတရားစခန်းပွဲကျင်းပမည်၊ ခရစ္စမတ်နှင့် New Year ကာလ ပြည်ပလေယာဉ်လက်မှတ်နှုန်းထားမြင့်၊ အလုပ်သင်အလုပ်သမား၊အလုပ်တွေခေါ်ယူလာသည့် စင်ကာပူအလုပ်အကိုင်၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် စီးပွားရေးဆိုင်ရာဆွေးနွေးပွဲ ကျင်းပမည်၊ အကောက်ခွန်ရုံးတွင်းသို့ အဝါရောင်လိုင်စင်ရ အကောက်ခွန်အကျိုးဆောင်များသာ ဝင်ရောက်ခွင့်ပြုတော့မည်၊ ILOမှသဘော်ဥပဒေသစ် ၂၀၁၁ မှစ၍အသက်ဝင်မည်၊ အောင်မင်္ဂလာအဝေးပြေးဝင်းရှိတိုးချဲ့ဆိုင်ခန်းသစ်များ သိန်းရာကျော်ရှိနိုင်၊ ရေထွက် ကုန်ပစ္စည်းများ တရုတ်ပြည်သို့ တင်ပို့က ခွင့်ပြုလက်မှတ်နှင့် ခွင့်ပြုစက်ရုံဖြစ်ရန်လိုအပ်၊ ၇၂. . . အစ ခြင်းဖုန်းများ လိုင်းပြန်ဖွင့်၊ အန်ကောဝပ်-ပုဂံလေကြောင်း တိုက်ရိုက်ပျံသန်းမည်၊ ပြည်ပသို့ ကျွဲ၊ နွား၊ သိုး၊ ဆိတ် အရှင် ၅ ရာခိုင်နှုန်းသာ လက်တလောတင်ပို့နိုင်၊ ပြည်-ပုသိမ် လမ်းတံတားကြေးများမြင့်နေဆဲ၊ CCTV ကင်မရာဈေးကွက် ယခင်ထက်ကျယ်ပြန့်၊လူထုစိန်ဝင်း၊မယ်မင်းကြီးမ၊ မောင်သဏ်းလှိုင်၊ ကိုခါး(ကွမ်းခြံကုန်း)၊ ပါရဂူ၊ဒေါက်တာအောင်ခင်ဆင့်၊ ထမင်းချက်လှထွန်း၊ မောင်သန်းဆွေ (ထားဝယ်)၊ မောင်သာနိုး၊ ငြိမ်းမောင်၊ မြသူအောင်၊ ရွှေစင်ကိုကို၊ အေးမောင်ကျော်တို့၏ ဆောင်းပါးများ၊ မော်စကိုမြို့တွင် ဘောလုံးပွဲပရိသတ်များနှင့် ရဲများတိုက်ခိုက်၊ ယူရိုငွေကျဆုံးသွားလျှင် ဥရောပတိုက်ကြီးပါကျဆုံးမည်၊ တရုတ်နှင့်ကန်စစ်ဘက်အရာရှိများ နှစ်နိုင်ငံအပြန်အလှန်လည်ပတ်ကြမည်၊ ဘင်္ဂလားဒေ့ရှ်၌ ရဲနှင့်ဆန္ဒပြသူများတိုက်ခိုက်၊ ဇင်ယော်နီ၏ ကံကောင်းခြင်းဂဏန်းများ အပါအဝင် ပြည်တွင်းပြည်ပသတင်း-ဆောင်းပါးများဖြင့် . . . News Watch (စောင့်ကြည့်) ဂျာနယ် ထွက်နေပြီဖြစ်သည်။

(သတင်းစဉ်)

နှောင်တရား၌ မိုးရေစုကန် ဆောင်ရွက်

နှောင်တရား ဒီဇင်ဘာ ၁၈

နှောင်တရားမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သည့် ထိပါးကျေးရွာ မိုးရေစုကန်လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို အမှုဆောင်အရာရှိ ဦးအေးကိုက ကွင်းဆင်းစစ်ဆေးရာ မြို့နယ်တာဝန်ခံ ဦးခွန်မောင်ဟိန်းက ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၃) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြစဉ်။

(သတင်းစဉ်)

☆ **ရှေ့ဖုံးမှ**

အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြင်ဦးလွင်တပ်နယ်မှူးနှင့် ပြင်ဦးလွင်တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်နည်းပညာတက္ကသိုလ် ကျောင်းအုပ်ကြီး၊ နည်းပြအရာရှိချုပ်နှင့် ဗိုလ်လောင်းတပ်ရင်းများမှ တပ်ရင်းမှူးများ၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ သင်တန်းဆင်းအရာရှိများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ဇန်နဝါရီလထုတ် တေဇရုပ်စုံစာစောင် ထွက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၁၈

"ဆေးချက်ညီသော ဝေဟင်ငှက်" ဖြစ်သော ငှက်သတ္တဝါတို့၏ မျက်နှာဖုံးဓာတ်ပုံနှင့်အတူ ရွှေစင်(ပေါက်ခေါင်း)၊ နွေနဒီ(မြစ်ငယ်)တို့၏ ကဗျာများ၊ တင်အောင်နီ၊ မောင်မောင်ညွှက်၊ ဟေမာန်၊ စောဟန်၊ မျိုးမြင့်အောင်တို့၏ တေဇတို့အရွယ် ကလေးငယ်တို့အတွက် ပညာပေးလက်ရာမြောက် ကာတွန်းများ၊ ဒေါက်တာသန့်စင်နှင့် မောင်မိုးတို့၏ ဆောင်းပါးများ၊ ဦးစော၏ ပုံပြင်ရှည်၊ Waddi Oo ၏ English For Tayza ကဏ္ဍ၊ ကာတွန်းမောင်ဒင်၏ အဖြေညှိစရာ ပဟေဠိပါ၊ ကလေးတို့၏အတွေး၊ ကလေးတို့၏အရေး ကဗျာတိုလေးများ၊ ယဉ်မင်း၏ ဆေးရောင်လှလှခြယ်ကြရအောင် စသည့် ကလေးများအကြိုက် ကဏ္ဍလေးများကို အားပါးတရ ဖတ်ရှုကြရမည်ဖြစ်ပြီး တေဇရုပ်စုံ စာစီစာကုံးပြိုင်ပွဲ ဆုရစာရင်းနှင့် ပထမဆုရကျောင်းသူကလေး မသွင်ထူးဝေ၏ ဆုရစာစီစာကုံး ပါရှိသည်။

တေဇရုပ်စုံစာစောင်ကို အမှတ်(၁၈၁)(၃၂)လမ်း ရန်ကုန်မြို့ ဖုန်း-၃၇၁၂၄၄နှင့် အမှတ်(၁၅) တပ်မြေ မိုးကောင်းဘုရားလမ်း ဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၅၉၂၇၃ တို့သို့ မှာကြားဝယ်ယူဖတ်ရှုနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ဦးခိုက်ပူဇော်-စာဆိုတော်

❀ "မြကန်သာ-တောင်ကျချောင်းတေး
ရေဝင်ပြေးလှည့် ရေအေးကြည်စွာ"
စာဆိုမသိ ဆိုသည့်ကဗျာ
ဝင်ပါတစ်သင်း "ပု၊ ပင်း၊ အင်း၊ တောင်
ညောင်ရမ်းနောင်နှင့် ကုန်းဘောင်ခေတ်" များ
ရေးသားပြုစု ရတု၊ ရကန်
အဲအန်အိုင်ချင်း လွမ်းချင်းသံချို
ထိုထိုရေးသား စာဆိုများအား
လေးစားမြတ်နိုး ကျွန်ုပ်ရှိခိုး၏။

❀ လမ်းဟောင်းရိုးတွင် ဆင့်ကာထွင်လျက်
ပြင်ဆင်ပြုစု အနုအလှ
ရသပေစာ ကဗျာဆောင်းပါး
ရေးသားကုံးသီ ပြည်သူချစ်သော
စာတောပေတော လက်ာတောမှာ
ဝါသနာနှင့် စေတနာရေယှက်
ပေးဆက်နှင်းကာ အသပြာမလို
စာဆိုကြီးငယ် အသွယ်သွယ်အား
ဆယ်ဖြာလက်မိုး ကျွန်ုပ်ရှိခိုး၏။

❀ စာဆိုတို့၏ ထူးမြတ်သည့်ဂုဏ်
အလုံးစုံနှင့် ကုံလုံကျစ်လျစ်
"ချစ်၊ ရွှင်၊ သနား၊ တည်ကြား၊ ကြမ်းကြုတ်
စက်ဆုပ်၊ ကြောက်ရွံ့၊ ရဲဝံ့၊ အံ့သြ
နှောအရသာ" စာကဗျာကို
ဆိုလည်းဆိုကာ နာလည်းနာလျက်
သင့်ရာသုံးပြု ကောင်းမှုမြတ်နိုး
ကောင်းကျိုးတည်ကာ ကျွန့်စိတ်မှာလျှင်
ဆယ်ဖြာလက်စုံ ကြာပဒုမ်ဖြင့်
အာရုံရည်မှန်း စိတ်ကြမ်းမာန်လျှော့
ကန်တော့ပါ၏ လေးမြတ်စွာ။ ။

ဖိုးရန်နိုင် (ကျောက်ကြီး)

မြန်မာစာဆိုတော်ကြီး ဦးစိုးညွန့် (ဒေါက်တာထီလာစစ်သူ)၏ "တရုတ်နိုင်ငံ၏ မိတ်ဆွေ၊ မြန်မာကဗျာဆရာ တစ်ဦး၏ အမှတ်တရများ" စာအုပ်မိတ်ဆက်ပွဲနှင့် ဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၈

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးတို့ ပူးပေါင်းကျင်းပသော မြန်မာစာဆိုတော်ကြီး ဦးစိုးညွန့် (ဒေါက်တာထီလာစစ်သူ)၏ "တရုတ်နိုင်ငံ၏ မိတ်ဆွေ၊ မြန်မာကဗျာဆရာတစ်ဦး၏ အမှတ်တရများ" စာအုပ်မိတ်ဆက်ပွဲနှင့် ဆွေးနွေးပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ယဉ်ကျေးမှုဆိုင်ရာ သံမှူး မစ္စတာကောင်းဟွာ (Mr. Gao Hua) က အခမ်းအနားကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မြန်မာစာဆိုတော်ကြီး ဦးစိုးညွန့်(ဒေါက်တာထီလာစစ်သူ)၏သား သာသနာရေးဝန်ကြီးဌာန သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးရဲရင့်စိုးက အမှတ်တရစကား ပြောကြားသည်။

ယင်းနောက် "တရုတ်နိုင်ငံ၏ မိတ်ဆွေ၊ မြန်မာကဗျာဆရာတစ်ဦး၏ အမှတ်တရများ" စာအုပ်ကို အင်္ဂလိပ်ဘာသာ ပြန်ဆိုသူ ဦးမျိုးဝင်းက ဒေါက်တာထီလာစစ်သူနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဗိုလ်ချုပ်လှမြင့်ဆွေ(ငြိမ်း)က အမှာစကား ပြောကြားသည်။

လက်ဆောင်ပေးအပ်

ထို့နောက် ယဉ်ကျေးမှုဆိုင်ရာ သံမှူး မစ္စတာကောင်းဟွာက ကွယ်လွန်သူ ဒေါက်တာထီလာစစ်သူ၏ ဇနီး ဒေါ်လှယဉ်ယဉ်စိုးအား အမှတ်တရလက်ဆောင် ပေးအပ်ပြီး မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌက တက်ရောက်လာကြသူများအား စာအုပ်များ လက်ဆောင်ပေးသည်။

ယင်းနောက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးကိုကို(ကိုကို-စက်မှုတက္ကသိုလ်)က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

စာအုပ်စာပေ လူ့မိတ်ဆွေ

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ ယဉ်ကျေးမှုဆိုင်ရာ သံမှူး မစ္စတာကောင်းဟွာက ကွယ်လွန်သူ မြန်မာစာဆိုတော်ကြီး ဦးစိုးညွန့်(ဒေါက်တာထီလာစစ်သူ)၏ ဇနီး ဒေါ်လှယဉ်ယဉ်စိုးအား အမှတ်တရ လက်ဆောင် ပေးအပ်စဉ်။

(သတင်းစဉ်)

အထက(၁) တောင်ငူ မြတ်ဆရာပူဇော်မည်

တောင်ငူ ဒီဇင်ဘာ ၁၈

အထက(၁) တောင်ငူ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အသက်(၆၀)ပြည့် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးတို့အား (၁၈)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် လစဉ် ဆောင်ရွက်နေသော ဆရာကြီး၊ ဆရာမကြီးများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း နှစ်ပတ်လည် အခမ်းအနားကို ဒီဇင်ဘာ ၂၅ ရက် နံနက် ၉ နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဒေါ်ခင်စန်းယု ဖုန်း-၀၉-၅၃၅၀၅၄၉၊ ဦးတင်ဝင်း ဖုန်း-၀၉-၄၉၄၃၀၇၇၈၊ ဦးကျော်သူရ ဖုန်း-၀၉-၅၁၀၅၄၁၁၊ ဦးထွန်းသူရိန် ဖုန်း-၀၉-၅၃၅၁၃၂၂၊ ဦးမောင်မြ ဖုန်း-၀၉-၅၃၅၁၀၇၇၊ ဦးဇော်ဝင်းထွန်း ဖုန်း-၀၉-၅၃၅၁၄၃၈၊ ဦးအေးကျော် ဖုန်း-၀၉-၅၃၅၂၃၃၄ နှင့် ဦးတင်မောင်မောင် ဖုန်း-၀၉-၅၁၄၈၃၁၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (၄၇၂)

ဘိုလီးဗီးယားသမ္မတ အီဗိုမော်ရေးလက်စ်။

ပါလက်စတိုင်းကို လွတ်လပ်သောနိုင်ငံအဖြစ် ဘိုလီးဗီးယား အသိအမှတ်ပြု

အီတိုင်ပူ ဒီဇင်ဘာ ၁၈

ဘရာဇီး၊ အာဂျင်တီးနား၊ ဥရုဂွေးနိုင်ငံများပြီးနောက် ဘိုလီးဗီးယားနိုင်ငံက ပါလက်စတိုင်းဒေသကို လွတ်လပ်သောနိုင်ငံအဖြစ် အသိအမှတ်ပြုလိုက်ကြောင်း ဒီဇင်ဘာ ၁၇ ရက်က သတင်းများတွင် ဖော်ပြသည်။

ပါလက်စတိုင်းအား လွတ်လပ်၍ အချုပ်အခြာပိုင်သော နိုင်ငံတစ်နိုင်ငံအဖြစ် အသိအမှတ်ပြုကြောင်း ဖော်ပြထားသည့်စာကို ပါလက်စတိုင်းအာဏာပိုင်အဖွဲ့ဥက္ကဋ္ဌ မာမွတ်အဘတ်စ်ထံ မိမိတို့အစိုးရက ပေးပို့မည်ဖြစ်ကြောင်း ဘိုလီးဗီးယားသမ္မတ အီဗိုမော်ရေးလက်စ်က သောကြာနေ့တွင် ပြောကြားသည်။

ဘိုလီးဗီးယားနိုင်ငံသည် ပါလက်စတိုင်းကို လွတ်လပ်သည့်နိုင်ငံအဖြစ် သတ်မှတ်ကြောင်း ၎င်း၏ဆုံးဖြတ်ချက်ကို နိုင်ငံတကာစည်းမျဉ်းများနှင့်အညီ လာမည့်သီတင်းပတ်တွင် တရားဝင်ထုတ်ပြန်မည်ဖြစ်ကြောင်း မော်ရေးလက်စ်က ပြောကြားသည်။

အရှေ့အလယ်ပိုင်းဒေသ၌ လူမျိုးဖြုတ်သတ်ဖြတ်မှုများဖြစ်ပေါ်နေကြောင်း ဘိုလီးဗီးယားသမ္မတက စွဲချက်တင်ခဲ့ပြီး ယင်းအဖြစ်အပျက်ကိုတားဆီးရန် နိုင်ငံတကာအနေဖြင့် တာဝန်ယူသင့်ကြောင်း ၎င်းက တောင်းဆိုသည်။

ဘရာဇီး၊ အာဂျင်တီးနားနှင့် ဥရုဂွေးနိုင်ငံတို့က ယခုလအစောပိုင်းက ပါလက်စတိုင်းကို လွတ်လပ်သောနိုင်ငံတစ်နိုင်ငံအဖြစ် အသိအမှတ်ပြုခဲ့ခြင်းကြောင့် အစ္စရေးနိုင်ငံက ၎င်းတို့အား အပြစ်တင်ခဲ့သည်။

အေအက်ဖ်ပီ။

ကင်ညာနိုင်ငံရှိ လင်းတငှက်များ အဆိပ်သင့်မှုများကြောင့် ကောင်ရေကျဆင်း

နိုင်ရိုဘီ ဒီဇင်ဘာ ၁၈

အာဖရိကတိုက်၏ အရေးကြီးဆုံး သဘာဝသားရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးနယ်မြေတစ်ခုအတွင်းရှိ လင်းတငှက်ကောင်ရေသည် ၆၀ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း သိပ္ပံပညာရှင်များက ဒီဇင်ဘာ ၁၇ရက်တွင် ပြောကြားသည်။

ကင်ညာ နိုင်ငံ မာဆိုင်းမာရာ သားရိုင်း တိရစ္ဆာန်ထိန်းသိမ်းရေး နယ်မြေ၌ လင်းတငှက်ကောင်ရေကျ ဆင်း လာ ခြင်း အကြောင်းရင်းသည် အဆိပ်သင့် အစားအစာများကို ယင်းငှက်များက စားသုံးခဲ့ခြင်းကြောင့်ဖြစ်ကြောင်း သုတေသီများက မှန်းဆသည်။

ယင်းဒေသအနီးရှိ လယ်သမားများသည် ရုံဖန်ရံခါ အဆိပ်ပြင်းသော ပိုးသတ်ဆေးတစ်မျိုး သုတ်လိမ်းထားသည့် ဆိတ်၊ နွားစသော သတ္တဝါအသေကောင်များဖြင့် မွေးမြူရေးတိရစ္ဆာန်များကို ဖမ်းဆီးစားသောက်သည့်သားရဲကောင်များကို ထောင်ချောက်ဆင်ထားလေ့ရှိသည်။

သို့ရာတွင် ပိုးသတ်ဆေးအဆိပ်သုတ်လိမ်း၍ ထောင်ချောက်ဆင်ထားသော တိရစ္ဆာန်အသေများကို လင်းတများကလည်း လာရောက်စားသောက်လေ့ရှိရာ ၎င်းတို့လည်း အဆိပ်မိသေဆုံးရခြင်းဖြစ်ဖွယ်ရှိသည်ဟု ဆိုသည်။

ပိုးသတ်ဆေးသုတ်လိမ်း၍ ထောင်ချောက်ဆင်ထားသော တိရစ္ဆာန်တစ်ကောင်သည် လင်းတငှက် ၁၅၀ခန့်ကို အဆိပ်သင့်စေနိုင်သည်။

လင်းတငှက်များသည် အရုပ်ဆိုး၍ အပုပ်အစပ်စားသော တိရစ္ဆာန်များဖြစ်ခြင်းကြောင့် လူအများအနေဖြင့် မနှစ်မြို့ဖွယ်ရှိသော်လည်း ယင်းငှက်များသည် ပတ်ဝန်းကျင်ဂေဟစနစ်အတွက် မရှိမဖြစ်လိုအပ်သော သတ္တဝါများဖြစ်ကြောင်း ကျွမ်းကျင်သူများကပြောကြားသည်။ **အင်တာနက်။**

ယူကရိန်း ပါလီမန်လွှတ်တော်အမတ်တို့၏ရန်ပွဲ အနည်းဆုံးခြောက်ဦးဒဏ်ရာရ

ကီယက်ဗ် ဒီဇင်ဘာ ၁၈

ယူကရိန်းနိုင်ငံ ပါလီမန်လွှတ်တော်၌ ဒီဇင်ဘာ ၁၆ ရက် ညပိုင်းက လွှတ်တော်အမတ်များအကြား ခိုက်ရန်ဖြစ်ပွားခဲ့ရာ ဖူးရောင်ပေါက်ပြဲကျိုးကြေဒဏ်ရာများရခဲ့သော လွှတ်တော်အမတ်အနည်းဆုံးခြောက်ဦးကို ဆေးရုံသို့တင်ပို့ခဲ့ရကြောင်း ဒီဇင်ဘာ ၁၇ ရက် သတင်းများတွင် ဖော်ပြသည်။

ပါလီမန်လွှတ်တော်အတွင်း ယခင်သမ္မတဟောင်း ယူလီယာတီမိုရှင်ကို၏ အတိုက်အခံလွှတ်တော်အမတ်များ နေရာယူထားသည့်ဘက်ကို လက်ရှိသမ္မတ ဗစ်တာယာညူကော့ချ်လိုလားသူ လွှတ်တော်အမတ်များက သွားရောက်၍ ခိုက်ရန်ပြုခဲ့ကြကြောင်း သတင်းများတွင် ဖော်ပြသည်။

သမ္မတလိုလားသူ လွှတ်တော်အမတ်များက အတိုက်အခံပါတီမှ လွှတ်တော်အမတ်များကို လက်သီးဖြင့်ထိုးကြိတ်ခြင်း၊ ထိုင်ခုံဖြင့်ကောက်ရိုက်ခြင်းများ လုပ်ဆောင်ခဲ့သည်ဟုဆိုသည်။

သမ္မတဟောင်း တီမိုရှင်ကိုကို လာဘ်စားမှုဖြင့် စုံစမ်းစစ်ဆေးခြင်းအား ကန့်ကွက်သည့်အနေဖြင့် ၎င်းအားလိုလားသူ လွှတ်တော်အမတ်များက ပါလီမန်လွှတ်တော်အတွင်း ဥပဒေရေးရာလုပ်ငန်းစဉ်များကို တစ်နေ့တာလုံးတားဆီးခဲ့ကြကြောင်း သတင်းတွင်ဖော်ပြသည်။

ယူကရိန်းတရားသူကြီးချုပ်ရုံးက သမ္မတဟောင်း တီမိုရှင်ကိုကို ဒေါ်လာသန်းပေါင်းများစွာအလွဲသုံးကြောင်း မသင်္ကာမှုဖြင့် ယခုသီတင်းပတ်အတွင်း စုံစမ်းစစ်ဆေးမှုများစတင်ခဲ့သည်။ တီမိုရှင်ကိုကမူ ယင်းလုပ်ရပ်သည် ၎င်းအား နိုင်ငံရေးအရ ထိုးနှက်မှုဟုဆိုသည်။

ယူကရိန်းပါလီမန်၌ ဖြစ်ပွားသော လွှတ်တော်အမတ်များ၏ ရန်ပွဲကို ဒီဇင်ဘာ ၁၆ ရက်က တွေ့ရစဉ်။

ယူကရိန်းပါလီမန်၌ လွှတ်တော်အမတ်များအကြား မကြာခဏခိုက်ရန်ဖြစ်ပွားလေ့ရှိသော်လည်း ဒီဇင်ဘာ ၁၆ ရက်ရန်ပွဲမှာ အကြမ်းတမ်းဆုံးဖြစ်သည်။

ယူကရိန်းလွှတ်တော်အမတ်များ၏ လုပ်ပုံဖြင့် ကလေးများကို ဒီမိုကရေစီအကြောင်းသိရန်နှင့် အမိမြေကို ချစ်တတ်ရန်မည်သို့ သင်ကြားပေးရပါမည်နည်းဟု ပါလီမန်လွှတ်တော်ဥက္ကဋ္ဌက ညည်းတွားသည်။ ၎င်းသည် ဧပြီလအတွင်း ယူကရိန်းပါလီမန်လွှတ်တော်၌ ဖြစ်ပွားခဲ့သည့်ရန်ပွဲ၌ ကြက်ဥများ၊ မီးခိုးဗုံးများဖြင့် အပြန်အလှန်ပစ်ခတ်စဉ်အတွင်း ထီးတစ်လက်အောက်၌ ပုန်းခိုခဲ့ရသူဖြစ်သည်။ **အေပီ။**

စီအိုင်အေ အကြီးအကဲ၏အမည်ကို ထုတ်ဖော်ခဲ့ကြောင်းစွပ်စွဲချက် ပါကစ္စတန်ပြည်တွင်း ထောက်လှမ်းရေးအဖွဲ့ ငြင်းဆို

အစ္စလာမ္မာဘတ် ဒီဇင်ဘာ ၁၈

အစ္စလာမ္မာဘတ်မြို့ရှိ အမေရိကန် ဗဟိုထောက်လှမ်းရေးအေဂျင်စီ (စီအိုင်အေ) ဌာနခွဲ အကြီးအကဲ၏ အမည်ကို ထုတ်ဖော်ခဲ့သည်ဆိုခြင်းမှာ မှန်ကန်မှုမရှိကြောင်း ပါကစ္စတန်ထိပ်တန်းထောက်လှမ်းရေးအဖွဲ့အစည်းက ယနေ့ငြင်းဆိုလိုက်သည်။

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့၌ ၂၀၀၈ခုနှစ်က ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုနှင့် ဆက်စပ်၍ ပါကစ္စတန်ပြည်တွင်းထောက်လှမ်းရေးအဖွဲ့အကြီးအကဲကို အမေရိကန်ပြည်ထောင်စုက တရားစွဲဆိုခဲ့ခြင်းအား လက်တုံ့ပြန်သည့်အနေဖြင့် ယင်းကဲ့သို့ လုပ်ဆောင်ခဲ့သည်ဆိုသော ထင်မြင်ချက်များကိုလည်း ပါကစ္စတန် ပြည်တွင်းထောက်လှမ်းရေးအဖွဲ့က ပယ်ချခဲ့သည်။

ပါကစ္စတန်ပြည်တွင်း၌ ဥပဒေကြောင်းအရ တရားစွဲဆိုမှုတစ်ခုတွင် အမည်နှင့်တကွ ဖော်ပြခံခဲ့ရပြီးနောက် အမေရိကန်ဗဟိုထောက်လှမ်းရေးအေဂျင်စီ (စီအိုင်အေ)၏ ပါကစ္စတန်ဌာနခွဲ အကြီးအကဲသည် အသက်အန္တရာယ်ခြိမ်းခြောက်မှုများနှင့် ရင်ဆိုင်နေရခြင်းကြောင့် ၎င်းအား အမေရိကန်ပြည်ထောင်စုသို့ စီအိုင်အေက ပြန်လည်ခေါ်ယူခဲ့ရသည်။

၂၀၀၉ခုနှစ်က အမေရိကန်မောင်းသူမဲ့လေယာဉ်တိုက်ခိုက်မှုတစ်ရပ်အတွင်း အစ်ကိုနှင့်သား ဆုံးရှုံးခဲ့ရခြင်းကြောင့် စီအိုင်အေထောက်လှမ်းရေးအဖွဲ့အား တရားစွဲဆိုမည်ဟု ခြိမ်းခြောက်ခဲ့သူ ပါကစ္စတန်နိုင်ငံသားတစ်ဦးက စီအိုင်အေ၏ ပါကစ္စတန်ဌာနခွဲ အကြီးအကဲ၏ အမည်နာမကို ထုတ်ဖော်ခဲ့ခြင်းဖြစ်သည်။

စီအိုင်အေ အကြီးအကဲအား တရားစွဲဆိုသည့် အမှုနှင့်ပတ်သက်သူ ရှေ့နေတစ်ဦးကမူ ယင်းစီအိုင်အေ အကြီးအကဲ၏ နာမည်ကို ပါကစ္စတန်သတင်းစာဆရာများထံမှ သိရှိခဲ့ရကြောင်း ပြောကြားသည်။ ပါကစ္စတန်ပြည်တွင်းထောက်လှမ်းရေးဌာနသည် ပြည်တွင်း၌ ၎င်း၏သြဇာကို ဖြန့်ကြက်ရန် ပါကစ္စတန်သတင်းစာဆရာများစွာနှင့် အဆက်အသွယ်ပြုလုပ်ထားသည်။

အေပီ။

မက္ကဆီကို၌ ထောင်သား ၁၄၁ ဦး အကျဉ်းထောင်မှ ထွက်ပြေးလွတ်မြောက်

မက္ကဆီကိုစီးတီး ဒီဇင်ဘာ ၁၈

မက္ကဆီကိုနိုင်ငံမြောက်ပိုင်း နယ်စပ်မြို့ နျူဗိုလာရီဒိုရှိ အကျဉ်းထောင်တစ်ခုမှ အကျဉ်းသား ၁၅၀ ခန့်သည် သောကြာနေ့တွင် ထွက်ပြေးလွတ်မြောက်သွားကြောင်း၊ ထောင်ဝန်ထမ်းများက အကူအညီပေးခဲ့ခြင်း ဖြစ်ဖွယ်ရှိကြောင်း အာဏာပိုင်များက ပြောကြားသည်။

ယင်းအကျဉ်းထောင်သည် မက္ကဆီကိုနိုင်ငံ တာမော့လီပဲ့(စ်)ပြည်နယ်နှင့် အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ် နယ်စပ်၌ တည်ရှိသည်။ အကျဉ်းသား ၁၄၁ ဦးသည် မော်တော်ယာဉ်များဖြင့် ပင်မ ဝင်ပေါက်မှ ထွက်သွားကြခြင်းဖြစ်၍ ထောင်ဝန်ထမ်းများ၏ အကူအညီပါသည်ဟု ယူဆရကြောင်း ပြည်နယ်ပြည်သူ့လုံခြုံရေးဌာနက ပြောကြားသည်။

ယင်းအကျဉ်းထောင်၏ ညွှန်ကြားရေးမှူးနှင့် အခြားတာဝန်ရှိပုဂ္ဂိုလ်များကို စတင်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ထွက်ပြေးလွတ်မြောက်သွားသော အကျဉ်းသား ၁၄၁ ဦးအနက် ၅၃ ဦးသည် တရားရုံးတင်ရန် ဖမ်းဆီးထားသူများ၊ ခိုးမှုကျူးလွန်သူများ၊ ကိုယ်ထိလက်ရောက်မှု ကျူးလွန်သူများဖြစ်ပြီး ကျန် ၅၈ ဦးမှာ တရားမဝင် လက်နက်ကိုင်ဆောင်သူများနှင့် မူးယစ်ဆေးဝါးတရားမဝင် ရောင်းဝယ်သူများ ဖြစ်သည်။

အကျဉ်းထောင်အဆောက်အအုံကို သေချာကျနစွာ စောင့်ကြပ်ခြင်းမရှိသည့်အတွက် ဒေသဆိုင်ရာအာဏာပိုင်များကို ပြည်ထဲရေးဝန်ကြီးဌာနက အပြစ်တင်သည်။

ယခင်က အကျဉ်းသားများထွက်ပြေးလွတ်မြောက်သည့် အမှုများတွင် လစာအပြည့်အဝမရရှိသော၊ လူဆိုးဂိုဏ်းများ၏ ခြိမ်းခြောက်ခြင်းခံရသော ထောင်ဝန်ထမ်းများ ပါဝင်ပတ်သက်ခဲ့ကြသည်ဟု ဆိုသည်။ **အေပီ။**

ဗြိတိန်နိုင်ငံတစ်ဝန်း ဆီးနှင်းများပိတ်ဖုံး၍ လန်ဒန်၌ လေကြောင်းခရီးစဉ်များ ရပ်ဆိုင်း

လန်ဒန် ဒီဇင်ဘာ ၁၈ - ဗြိတိန်နိုင်ငံတစ်ဝန်း၌ ဆီးနှင်းများဖြင့် ပိတ်ဖုံးနေသဖြင့် လန်ဒန်မြို့ရှိ ဟီးသရိုးလေဆိပ်နှင့် ဂက်ဝစ်ချ်လေဆိပ်တို့တွင် လေကြောင်းခရီးစဉ်များကို ရပ်ဆိုင်းထားလိုက်ရကြောင်း ယနေ့သတင်းတွင် ဖော်ပြသည်။ ဆီးနှင်းမုန်တိုင်းများ တိုက်ခတ်မှုကြောင့် ကုန်းလမ်းနှင့် ရထားလမ်းကွန်ရက်များမှာ နှောင့်နှေးကြန့်ကြာမှုနှင့် တွေ့ကြုံရသည်။ ခရစ္စမတ်ပွဲတော်ကာလ ခရီး သွားလာသူများပြားနေချိန်နှင့် ဈေးဝယ်ထွက်သူများဖြင့် စည်ကားနေချိန်တွင် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများ ပေါ်ပေါက်လာသည်။

လန်ဒန်ရှိ လေဆိပ်များအားလုံးတွင် နှောင့်နှေးကြန့်ကြာမှုများနှင့် တွေ့ကြုံနေရကြောင်း ဗြိတိသျှလေကြောင်းဌာန ပြောရေးဆိုခွင့်ရှိသူ တစ်ဦးကပြောကြားသည်။ ဗြိတိန်စံတော်ချိန် နံနက် ၁၀နာရီနှင့် ညနေ ၅ နာရီအကြားကာလ၌ လန်ဒန်ဟီးသရိုးလေဆိပ်မှ ပျံသန်းထွက်ခွာမည့် လေကြောင်းခရီးစဉ်များအားလုံးကို ဖျက်သိမ်းလိုက်ရကြောင်း ၎င်းကပြောကြားသည်။ ဟီးသရိုးလေဆိပ်သည် ဗြိတိန်နိုင်ငံတွင် အကြီးဆုံးလေဆိပ်ဖြစ်ပြီး ဂက်ဝစ်ချ်လေဆိပ်မှာမူ လန်ဒန်၌ ဒုတိယအကြီးဆုံးလေဆိပ်ဖြစ်သည်။ ဂက်ဝစ်ချ်လေဆိပ်မှ ပျံသန်းထွက်ခွာမည့် ဗြိတိသျှလေကြောင်းဌာန၏ ဥရောပခရီးစဉ်များနှင့် ပြည်တွင်းခရီးစဉ်များအားလုံးကို နံနက် ၁၀နာရီမှ ညနေ ၅နာရီအထိ ဖျက်သိမ်းလိုက်ရသည်။ ဗြိတိန်နိုင်ငံရှိ အခြားသောဒေသများ၌လည်း ဆီးနှင်းများ သိပ်သည်းစွာကျရောက်ခဲ့သည်။ အင်္ဂလန်အနောက်မြောက်ပိုင်းဒေသ၌ ဆီးနှင်းထုမှာ ၁၀ လက်မအထိ ကျရောက်ခဲ့ သည်။ **အင်တာနက်။**

လန်ဒန်မြို့ ဟီးသရိုးလေဆိပ်၌ နှင်းရှင်းလင်းရေးယာဉ်တစ်စင်း နှင်းများဖယ်ရှားနေသည်ကို တွေ့ရစဉ်။

အလုပ်သမားဝန်ကြီးဌာန အလုပ်သမားရေးရာ အင်္ဂလိပ်စာအဆင့်မြင့်သင်တန်း (၂/၂၀၁၀)နှင့် e-Government အသုံးချကွန်ပျူတာသင်တန်း (၄/၂၀၁၀)သင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၈

အလုပ်သမားဝန်ကြီးဌာန အလုပ်သမားရေးရာ အင်္ဂလိပ်စာအဆင့်မြင့်သင်တန်း အမှတ်စဉ်(၂/၂၀၁၀)နှင့် e-Government အသုံးချကွန်ပျူတာသင်တန်း အမှတ်စဉ်(၄/၂၀၁၀) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်၊ ဒုတိယဝန်ကြီး ဦးတင်ထွန်းအောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အဆိုပါ သင်တန်းဆင်းပွဲတွင် ဝန်ကြီးက သင်တန်းဆင်းအမှာစကား ပြောကြားပြီး သင်တန်းအလိုက် ထူးချွန်စွာအောင်မြင်ကြသူများအား ဆုများချီးမြှင့်၍ ဒုတိယဝန်ကြီးက သင်တန်းသား၊ သင်တန်းသူ ၃၄ ဦးတို့အား သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်သည်။

အလုပ်သမားဝန်ကြီးဌာန၌ ဝန်ထမ်းများအနေဖြင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှု တိုးတက်စေရန်နှင့် e-Government လုပ်ငန်းစဉ်များကို ထိရောက်လျင်မြန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ယခုနှစ် ၂၀၁၀ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ အရာထမ်းများအတွက် ကွန်ပျူတာသင်တန်းလေးကြိမ်နှင့် အမှုထမ်းများအတွက် ကွန်ပျူတာသင်တန်းလေးကြိမ် ဖွင့်လှစ်သင်ကြားခဲ့ပြီး အရာထမ်း ၅၅ ဦးနှင့် အမှုထမ်း ၈၀ စုစုပေါင်း ၁၃၅ ဦးတို့အား ပြုစုပျိုးထောင်လေ့ကျင့်ပေးနိုင်ခဲ့ကြောင်း၊ အင်္ဂလိပ်စာသင်တန်းများအနေဖြင့် အရာထမ်းများအတွက် အဆင့်မြင့်သင်တန်း နှစ်ကြိမ်နှင့် အမှုထမ်းများအတွက် အခြေခံသင်တန်းနှစ်ကြိမ် ဖွင့်လှစ်သင်ကြားခဲ့ပြီး အရာထမ်း ၃၉ ဦးနှင့် အမှုထမ်း ၄၁ ဦး စုစုပေါင်း ၈၀ တို့အား လုပ်ငန်းခွင်မပျက် သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည် အလုပ်သမားဝန်ကြီးဌာန အလုပ်သမားရေးရာ အင်္ဂလိပ်စာအဆင့်မြင့်သင်တန်း အမှတ်စဉ်(၂/၂၀၁၀) နှင့် e-Government အသုံးချကွန်ပျူတာသင်တန်း အမှတ်စဉ် (၄/၂၀၁၀) သင်တန်းတွင် ထူးချွန်ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

BCA Academy ၏ ၂၀၁၁ ခုနှစ် မေ ကျောင်းဝင်ခွင့်စာမေးပွဲကို လာမည့်ဖေဖော်ဝါရီလတွင် ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၈

BCA Academy ၏ ဝင်ခွင့်စာမေးပွဲကို ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ရန်ကုန်မြို့ Park Royal Hotel ၌ နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ BCA Academy နှင့် Future Way Co., Ltd. တို့ ပူးပေါင်းကျင်းပမည် ဖြစ်သည်။

ဝင်ခွင့်စာမေးပွဲဖြေဆိုရန် အခြေခံပညာအထက်တန်း (သို့) GCE "O" Level အနည်းဆုံး သုံးဘာသာအောင်မြင်ထားသူများ ဖြေဆိုနိုင်သည်။

ဝင်ခွင့် ဖြေဆိုတက်ရောက်နိုင်သော ဘာသာရပ်များမှာ Construction Engineering, Mechanical Engineering (Green Building Technology), Strategic Facilities Management, Electrical Engineering & Clean Energy, Construction Information Technology and Design (Interior & Landscape) တို့ဖြစ်သည်။ ဝင်ခွင့်စာမေးပွဲတွင် ဒီဇိုင်းဘာသာရပ်ကို ရွေးချယ်သူများအနေဖြင့် ပုံဆွဲဘာသာရပ်နှင့် အင်္ဂလိပ်စာဘာသာရပ်များကို ဖြေဆိုရမည်ဖြစ်ပြီး အခြားဘာသာရပ် ရွေးချယ်သူများအနေဖြင့် အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ်များ ဖြေဆိုရမည်ဖြစ်သည်။ အင်္ဂလိပ်စာဖြေဆိုရာတွင် ရေးဖြေကို အမှတ် ၈၀ နှင့် နှုတ်ဖြေစကားပြော ၅ မိနစ်ကို အမှတ် ၂၀ ဖြေဆိုရမည်ဖြစ်သည်။

ဝင်ခွင့်အောင်မြင်သည့် ကျောင်းသားများအား BCA Academy မှ ကျောင်းဝင်ခွင့်ပေးသွားမည်ဖြစ်ပြီး ထူးချွန်စွာ အောင်မြင်သူများအား ပညာသင်ဆုများ ဆက်လက်ပေးအပ်သွားမည်ဖြစ်ရာ ပညာသင်ဆုရရှိသူများမှာ သုံးနှစ်စာပညာသင်စရိတ်၏ ၆၀ရာခိုင်နှုန်းကို ရရှိမည်ဖြစ်သည်။

နောက်ဆုံးနှစ် ဒုတိယနှစ်ဝက်တွင် စင်ကာပူနိုင်ငံရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင်များ၌ အလုပ်သင်အနေဖြင့် အနည်းဆုံး ၁၆ ပတ် ဝင်ရောက်လုပ်ကိုင်ရမည်ဖြစ်သည်။

ဝင်ခွင့်စာမေးပွဲ ဖြေဆိုသူများအား Future Way မှ စာမေးပွဲအကြိုပြင်ဆင်မှုရက်တိုသင်တန်းကို သင်ကြားပေးလျက်ရှိပြီး ဝင်ခွင့်မေးခွန်းပုံစံအတိုင်း အပတ်စဉ် စစ်ဆေးပေးကာ စာမေးပွဲဖြေဆိုမည့်ရက်မတိုင်ခင် ဖေဖော်ဝါရီ ၁၁ ရက်အထိ တက်ရောက်ရမည်ဖြစ်ကြောင်း သိရသည်။

BCA Academy ၏ တရားဝင်ကိုယ်စားလှယ်ဖြစ်သော Future Way Education & Services အမှတ်(၉) အခန်း (၆-က) ယောမင်းကြီးလမ်း (သမ္မတရုပ်ရှင်ရုံဘေး) သမ္မတကွန်ဒို ဖုန်း-၂၅၄၁၈၅နှင့် ၂၄၁၀၉၉ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၉-၁၂-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး-ဗိုလ်ကလေး တင့်အောင်)
၇း၅၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈း၀၀	၆။	"သက်ရှည်ကျန်းမာ လေ့ကျင့်ပါ"
၈း၁၀	၇။	ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈း၁၅	၈။	အတီးပြိုင်ပွဲ
၈း၃၀	၉။	"ညှော်မယ်ဇျို့"
၈း၄၀	၁၀။	International News
၈း၄၅	၁၁။	တေးဂီတအစီအစဉ်
၉း၀၀	၁၂။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်သည်တေး
၁၁း၁၀	၂။	တေးဂီတအစီအစဉ်
၁၁း၂၀	၃။	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၃၀	၄။	**Golf Magazine (TV)**
၁၁း၅၀	၅။	မြန်မာရုပ်ရှင်"တွေးရခက်ကြီး" (မြင့်အောင်၊ ဖိုးပါကြီး၊ မေလွင်၊ မေမြင့်၊ ခင်လေးဆွေ) (ဒါရိုက်တာ -အေဝမ်းအောင်မြတ်)
၁း၃၅	၆။	တေးဂီတအစီအစဉ်
၁း၄၅	၇။	အကပြိုင်ပွဲ
၂း၀၀	၈။	"သာယာရွှေပြည် တို့နေပြည်"
၂း၅၀	၉။	International News
၃း၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	တေးဂီတအစီအစဉ်
၄း၂၅	၃။	နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၄း၃၅	၄။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄း၄၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ဒုတိယနှစ် (မြန်မာစာအထူးပြု) (မြန်မာစာ)
၄း၅၅	၆။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၀	၇။	သူ့လက်သံ
၅း၁၅	၈။	ဆိုကြမယ်၊ ပျော်ကြမယ်
၆း၀၀	၉။	ညနေခင်းသတင်း
၆း၁၅	၁၀။	မိုးလေဝသအခြေအနေ
၆း၂၀	၁၁။	ကာတွန်းအစီအစဉ် "ကွမ်တမ်မင်း" (အပိုင်း-၂)
၆း၄၀	၁၂။	တစ်မျက်နှာတစ်ကွက်စာ "ဈေးသည်တဲ့လား" (မိုးထက်ပိုင်၊ သီရိရှင်းသန့်၊ ဦးငွေးအောင်၊ ဒေါ်နွဲ့နွဲ့စန်း) (ဒါရိုက်တာ-လင်းထွဋ်မောင်)
၇း၀၀	၁၃။	**နိုင်ငံခြားဇာတ်လမ်းတွဲ "စမ်းရေပမာ" (အပိုင်း-၇)**
၈း၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	**ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (အပိုင်း-၈၄)**
	၁၈။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ဘဝမိုးတိမ်" (အပိုင်း-၂၀)**
	၁၉။	အစီအစဉ်ပြီး၏။

ယာဉ်မောင်းသင်တန်းဆင်း၊ လိုင်စင်ထုတ်ပေး

မိတ္ထီလာ ဒီဇင်ဘာ ၁၈

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး(မိတ္ထီလာ)သည် အရည်အချင်းပြည့်မီသော ယာဉ်မောင်းများပေါ်ထွက်လာရေး၊ အရည်အသွေးပြည့်မီသော ယာဉ်မောင်းလိုင်စင်များ ထုတ်ပေးရေး ရည်ရွယ်ချက်ဖြင့် ယာဉ်မောင်းလိုင်စင်ရက်တိုသင်တန်းအမှတ်စဉ်(၁၁)ကို ဒီဇင်ဘာ ၁၃ ရက်မှ ၁၇ ရက်အထိ ခရိုင်ရုံး (မိတ္ထီလာ)၌ ဖွင့်လှစ်ပို့ချရာ ခရိုင်ဦးစီးမှူး ဦးမျိုးကျော်အောင် (လက်ထောက်ညွှန်ကြားရေးမှူး)မှ သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပေးအပ်ခဲ့ပြီး မန္တလေးတိုင်း ယာဉ်မောင်းစစ်ဆေးရေးအဖွဲ့က ယာဉ်မောင်းလိုင်စင်ဖြေဆိုသူ စုစုပေါင်း ၁၆၀ အား စစ်ဆေးထုတ်ပေးခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)** (ကြေးမုံ)

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ် နိုဝင်ဘာ ၃ ရက်က ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကြည်စော ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

၁၉၈၃-၁၉၈၆ မြို့ပြအင်ဂျင်နီယာ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၈

ရန်ကုန်စက်မှုတက္ကသိုလ် မြို့ပြအင်ဂျင်နီယာ ကျောင်းသား၊ ကျောင်းသူဟောင်းများ ၁၉၈၃ ခုနှစ်တွင် ဝင်ရောက်ခဲ့ကြသူများ (မည်သည့်နှစ်တွင် ဘွဲ့ရသည်ဖြစ်စေ) နှင့် ၁၉၈၆ ခုနှစ် ဘွဲ့ရရှိခဲ့သူများ (မည်သည့်နှစ်တွင် စတင်ဝင်ရောက်ခဲ့သည်ဖြစ်စေ)၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် တွေ့ဆုံပွဲကို ဒီဇင်ဘာ ၂၄ ရက် ညနေ ၅ နာရီခွဲတွင် ပန်ဒါဟိုတယ် ပုလဲခန်းမ၌ ကျင်းပမည်ဖြစ်ရာ အောင်နိုင်လေး ဖုန်း-၀၉-၅၅၅၀၀၀၃၊ ညီလေးနိုင် ဖုန်း-၀၉-၈၀၂၄၁၉၂၊ ဗိုလ်မှူးစိုးညွန့်(ငြိမ်း)၀၉-၈၆၂၅၆၄၄၊ အောင်သိန်း ဖုန်း-၀၁-၇၀၉၅၉၁၊ ဇော်မင်း(ကိုဟိုက်) ဖုန်း- ၀၉-၅၁၂၄၈၃၂၊ မြမြမိုး ဖုန်း-၀၉-၅၀၀၃၈၈၅၊ ၀၁-၅၁၉၀၀၄၊ ဒေါက်တာသန်းသန်းသွယ်(နေပြည်တော်) ဖုန်း-၀၉-၅၁၅၁၇၄၅၊ ၀၉-၈၇၇၀၁၅၀၊ ဝါဝါမြ ဖုန်း-၀၉-၅၁၇၅၅၉၀၊ ၀၁-၅၅၅၄၈၆၊ ကြည်ကြည်သောင်း(မန္တလေး) ဖုန်း-၀၂-၆၁၃၉၄ တို့သို့ ဆက်သွယ်၍ မပျက်မကွက် တက်ရောက်ကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။ (ကြေးမုံ)

ကွင်းကောက် အထက အာစရိယပူဇော်မည်

အင်္ဂပူ ဒီဇင်ဘာ ၁၈

အင်္ဂပူမြို့နယ် ကွင်းကောက်အထက ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၄ ရက် မွန်းတည့် ၁၂ နာရီတွင် ကွင်းကောက်အထက၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ဦးလှမြင့်(အငြိမ်းရောင်စတိုး) ဖုန်း-၀၉-၅၁၁၅၄၅၄၊ ဦးအောင်နိုင်ထွန်း ဖုန်း-၀၉-၅၁၂၀၉၄၂၊ ဦးသန်းညွန့် ဖုန်း-၀၁-၇၂၆၉၉၁၊ ကွင်းကောက်မြို့တွင် ဦးသန်းငွေး(ဝမ်းစတိုး) ဖုန်း-၀၉-၈၅၈၀၂၆၆၊ ဦးချိုဝင်း ဖုန်း-၀၉-၄၉၇၆၈၀၀၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးကြည် ပုဏ္ဏားကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး မီးဘေးလုံခြုံရေးအတွက် ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများကို ကွင်းဆင်း စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

စစ်တောင်းမြစ်ကူး ယာယီတံတားဖွင့်

ဆွာ ဒီဇင်ဘာ ၁၈

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် အတွင်းရှိ အမှတ် (၆) သကြားစက်၏ ၂၀၁၀-၂၀၁၁ ခုနှစ် ကြံရာသီအတွင်း စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေးအတွက် ကြံဝယ်ယူမှု အဆင်ပြေချောမွေ့စေရန် ယာယီစစ်တောင်းမြစ်ကူးတံတားဖွင့်ပွဲကို ဒီဇင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် အင်ဒိုင်းကျေးရွာအုပ်စု ရေတင်စက်ကူးတို့ဆိပ်၌ ကျင်းပခဲ့သည်။

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ အမှတ် (၆)သကြားစက် စက်ရုံမှူး ဦးစိန်လှိုင်၊ မိကျောင်းအိုင်နှင့် အင်ဒိုင်းကျေးရွာအုပ်စု ဥက္ကဋ္ဌများ၊ ကြံစိုက်တောင်သူများ တက်ရောက်ကြကြောင်း သိရသည်။

(ကြေးမုံ)

သတ္တမအကြိမ် ဓာတုဗေဒမိသားစု အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၈

၁၉၆၇ ခုနှစ်မှ ၁၉၇၃ ခုနှစ်အထိ ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်မှ ဓာတုဗေဒဘွဲ့နှင့် ကုန်ထုတ်ဓာတုဗေဒဘွဲ့ရ ကျောင်းသား၊ ကျောင်းသူများ စုပေါင်း၍ ဓာတုဗေဒဘွဲ့နှင့် ကုန်ထုတ်ဓာတုဗေဒဌာနမှ ဆရာကြီး၊ ဆရာမကြီးများအား သတ္တမအကြိမ် ပူဇော်ကန်တော့ကြမည်ဖြစ်သည်။

အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ တက္ကသိုလ်များ ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ဖိတ်ကြားထားသော ဆရာကြီး၊ ဆရာမကြီးများ အပူဇော်ခံ ကြွရောက်ပါရန်နှင့် ၁၉၆၇ ခုနှစ် ဘွဲ့ရများမှ ၁၉၇၃ ခုနှစ် ဘွဲ့ရ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ပူဇော်ကန်တော့ကြရန် ဖိတ်ကြားထားသည်။

အာစရိယပူဇော်ပွဲအတွက် ကြိုတင်အလှူငွေများကို ဦးမောင်မောင်ကြီး (၁၉၆၇) ဖုန်း-၂၀၃၀၇၄၊ ဒေါ်အေးညွန့်ကြည် (၁၉၆၈) ဖုန်း-၅၅၉၉၈၀၊ ဗိုလ်မှူးကြီးကိုကိုကျော်(ငြိမ်း) (၁၉၆၉) ဖုန်း-၅၀၁၄၃၂၊ ဦးဇော်ဝင်း (၁၉၇၀) ဖုန်း-၅၉၀၃၄၅၊ ဒေါ်စန်းစန်းဝင်း (၁၉၇၁) ဖုန်း-၂၉၈၉၉၆၊ ဦးသိန်းရွှေ (၁၉၇၂) ဖုန်း-၂၂၆၂၄၅ နှင့် ဒေါ်ဖြူဖြူညွန့် (၁၉၇၃) ဖုန်း-၂၉၂၉၅၃ တို့သို့ ဆက်သွယ်လှူဒါန်းကြရန် အာစရိယပူဇော်ပွဲ ကျင်းပရေး ဦးစီးကော်မတီက တိုက်တွန်းနှိုးဆော်ထားကြောင်း သိရသည်။ (သတင်းစဉ်)

ယဉ်ကျေးမှု ကူးလူးယှက်နွယ် ချစ်ကြိုးသွယ်

မင်းဗေဒါ(ပွင့်ဖြူ)

လူနှစ်ယောက်သည် တစ်ယောက်အကြောင်း တစ်ယောက်ကောင်းစွာသိနေလျှင်၊ တစ်ယောက်စိတ်သဘောကိုတစ်ယောက်နားလည်နေလျှင် အချင်းချင်း ပိုမိုရင်းနှီးကာ ပိုမိုသံယောဇဉ်ကြီးလာတတ်ပါသည်။ တစ်ယောက်အကျိုးကို တစ်ယောက်သယ်ပိုးရင်းမိတ်ဆွေကောင်းများဖြစ်လာတတ်ပါသည်။ တစ်ယောက်နှင့်တစ်ယောက်မှဆက်၍ တစ်ရွာနှင့်တစ်ရွာ၊ တစ်နယ်နှင့်တစ်နယ် အတွင်းသိအစင်းသိ ရင်းနှီးယှက်နွယ်ချစ်ကြိုးသွယ်မိပြီဆိုလျှင် ထိုမြို့ရွာနယ်ပယ်ဒေသအသီးသီးဖြင့် ဖွဲ့စည်းတည်ထောင်ထားသည့် နိုင်ငံသည်လည်းကောင်း၊ ထိုနိုင်ငံအတွင်းရှိ ပြည်သူပြည်သားတို့သည်လည်းကောင်း အချင်းချင်းစည်းလုံးချစ်ကြည်ယုံကြည်စွာ တူညီသောရည်မှန်းချက်ပန်းတိုင်တစ်ခုဆီသို့ အတူလက်တွဲချီတက်နိုင်ပေလိမ့်မည်။ ထိုသဘောအတိုင်းပင် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများသည် တစ်နိုင်ငံနှင့် တစ်နိုင်ငံသမိုင်းကြောင်းကို ကောင်းစွာသိကြပြီး ယဉ်ကျေးမှုသဘောကို နားလည်ထားကြမည်ဆိုလျှင် ထိုနိုင်ငံများ မိတ်ဆွေအဖြစ်ပေါင်းစည်းမိကာ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းတစ်ခုဖြစ်ပေါ်လာပါလိမ့်မည်။ ဤအသိုက်အဝန်းမျိုးက ပါဝင်သူသက်ဆိုင်ရာနိုင်ငံအသီးသီး၏ လူမှုစီးပွားဘဝမြင့်မားရေးကို ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်သည်။

လူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်း

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) သည်လည်း အချင်းချင်းနားလည်စာနာမှု၊ အိမ်နီးချင်းကောင်းပီသမှုနှင့် တာဝန်သိစိတ်တို့ကို အခြေခံအုတ်မြစ်အဖြစ်တည်ဆောက်ကာ "အာဆီယံလူမှုရေး- ယဉ်ကျေးမှုအသိုက်အဝန်း"ကို ထူထောင်လျက်ရှိပါသည်။

ဤအသိုက်အဝန်း၏သဘောတွင် ' တစ်ခုတည်းသောအမြင်၊ တစ်ခုတည်းသောအသွင်လက္ခဏာ၊ တစ်ခုတည်းသောကောင်းတူဆိုးဖက်' ဟု သဘောထားအမြင်ထားရှိလျက် စည်းလုံးချစ်ကြည်စွာဖြင့် လက်တွဲညီညီဆောင်ရွက်ကြရန်ဖြစ်သည်။

အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းက ဤသို့ကြိုးပမ်းနေချိန်တွင် အာဆီယံ၏အိမ်နီးချင်း၊ စီးပွားဖက်၊ မိတ်ဖက်ဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံက လက်တွဲပါဝင်လာသည်။ အာဆီယံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ ဆွေးနွေးဖက်ဆက်ဆံရေး(၁၅)နှစ်မြောက်အထိမ်းအမှတ်အဖြစ် (Cultural Trail From China to ASEAN) ခေါင်းစဉ်ဖြင့် အာဆီယံ-တရုတ် လူငယ်စခန်းချပွဲကို ၂၀၁၀ခုနှစ် နိုဝင်ဘာ ၁၈ရက်မှ ဒီဇင်ဘာ ၃ ရက်အထိ ထိုင်းနိုင်ငံ၊ မြန်မာနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့တွင် တစ်ဆက်တည်းကျင်းပခဲ့ပါသည်။ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် နိုဝင်ဘာ ၂၃ရက်မှ ၂၈ ရက်ထိ ရန်ကုန်မြို့၌ လက်ခံကျင်းပခဲ့သည်။ မြန်မာနိုင်ငံတွင်စခန်းချသည့် ငါးရက်တာကာလအတွင်း လူငယ်ကိုယ်စားလှယ်များသည် အမျိုးသားပြတိုက်၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)၊ ရွှေတိဂုံစေတီ၊ တိုင်းရင်းသားကျေးရွာစသည့် ယဉ်ကျေးမှုအထင်ကရနေရာများကို သွားရောက်လေ့လာခဲ့ကြသည်။ သမိုင်းနှင့် ယဉ်ကျေးမှုကျွမ်းကျင်ပညာရှင်များ၏ ဟောပြောပို့ချမှုများကို မှတ်သားနာယူခဲ့ကြသည်။ ပျူမြို့ပြနိုင်ငံများမှအစချီလျက် နှစ်ပေါင်းထောင်ချီတည်ရှိနေသော မြန်မာ့သမိုင်းနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို အနှစ်ချုပ်ရှင်းလင်းပို့ချပေးခဲ့သည်။ လူငယ်ကိုယ်စားလှယ်များအနေဖြင့် မြန်မာတို့၏ ဇာတိဂုဏ်နှင့် သမိုင်း-ယဉ်ကျေးမှုအစဉ်အလာကြီးမားပုံများကို သိရှိသွားကြလေပြီ။

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)တွင်လည်း မြန်မာ့ရိုးရာအခြေခံအကပညာ၊ မြန်မာ့ရိုးရာ ပန်းချီ၊ ပန်းပု၊ ဂီတပညာများကို လေ့လာရင်းသင်ယူခဲ့ကြသည်။ တစ်ဆက်တည်းမှာပင် လူငယ်ကိုယ်စားလှယ်များက မိမိတို့နိုင်ငံအသီးသီး၏ ရိုးရာ အက (အခြေခံကကြိုးကကွက်များ)၊ ရိုးရာဂီတ အစရှိသည်တို့ကို ရှင်းလင်းသရုပ်ပြခဲ့ကြသည်။

လူငယ်ကိုယ်စားလှယ်များသည် အမျိုးသားပြတိုက်ကြီးကိုလည်း သွားရောက်လေ့လာခဲ့ကြရာ သမိုင်းမတင်မီခေတ်မှအစပြု၍ နှစ်ပရိစ္ဆေဒကြာညောင်းသော မြန်မာ့သမိုင်းကြောင်းနှင့် တန်ဖိုးမဖြတ်နိုင်သော ရှေးဟောင်းပစ္စည်းများ၊ ယဉ်ကျေးမှုအနုပညာလက်ရာများကို မျက်ဝါးထင်ထင် မြင်တွေ့လေ့လာခွင့်ရခဲ့ကြပေသည်။ မြန်မာလူမျိုးများသည် ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ဘာသာစကား၊ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်အမျိုးသားရေးစရိုက်လက္ခဏာ အပြည့်အစုံဖြင့် အဆင့်အတန်းမြင့်မြင့်နေထိုင်ခဲ့သူများဖြစ်ကြောင်း ထင်ရှားစွာသိမြင်သွားကြပေလိမ့်မည်။ အလားတူပင် တိုင်းရင်းသားကျေးရွာကိုလေ့လာကြရာ၌ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း မြန်မာတိုင်းရင်းသားတို့၏ ရေမြေဒေသနောက်ခံ၊ ကျေးလက်ဓလေ့ထုံးစံ၊ ရိုးရာဝတ်စားဆင်ယင်မှုနှင့် ရိုးရာအသုံးအဆောင်ပစ္စည်းများကို သဘာဝကျကျ၊ ပသာဒလှလှဖြင့် အားပါးတရ လေ့လာမြင်တွေ့ခွင့်ရခဲ့ပေသည်။

အာဆီယံလူငယ်ကိုယ်စားလှယ်များနှင့် တရုတ်လူငယ်ကိုယ်စားလှယ်များသည် မြန်မာနိုင်ငံတွင်စခန်းချခိုက် အမျိုးသားဇာတ်ရုံတွင် ဖျော်ဖြေပွဲတစ်ရပ်ကျင်းပပြုလုပ်ခဲ့သည်။ မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ကျောင်းသား၊ ကျောင်းသူများက မြန်မာအကများဖြင့် ပူးပေါင်းဖျော်ဖြေတင်ဆက်ကြသည်။ လူငယ်ကိုယ်စားလှယ်အသီးသီးကလည်း မိမိတို့နိုင်ငံကိုကိုယ်စားပြုလျက် ရိုးရာအကအလှများဖြင့် ဖျော်ဖြေကြသည်။ အမိနိုင်ငံ၏ ယဉ်ကျေးမှုပုံရိပ်ကို ထင်ဟပ်နိုင်အောင် ကြိုးပမ်းတင်ဆက်သွားကြသည်မှာလည်း ဂုဏ်ယူစရာကောင်းလှသည်။

ယဉ်ကျေးမှု ကူးလူးယှက်နွယ်ဆောင်ရွက်ချက်

မြန်မာနိုင်ငံ အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းဆိုင်ရာ တာဝန်ရှိသူတစ်ဦးက Cultural Trail ကို 'ယဉ်ကျေးမှုကူးလူးဆက်နွယ်ဆောင်ရွက်ချက်' ဟု မြန်မာအဓိပ္ပာယ်ဖွင့်ဆိုပေးပါသည်။ ဆောင်ရွက်ချက်ဟုဆိုသောကြောင့် အလုပ်သဘောပါဝင်သည်။ လူငယ်ကိုယ်စားလှယ်များသည် စခန်းချခရီးတစ်လျှောက် မြင်တွေ့သမျှကို တအံ့တဩ ငေးမောကြည့်ရှုမှတ်သားရုံလောက်သာမကဘဲ ကြားတွေ့မြင်သိခံစားမိသမျှကို သုံးသပ်ရှုမြင်ကိုယ်ပိုင်အမြင်ဖြင့် တင်ပြဆွေးနွေးကြရပါသည်။ မိမိတို့ယဉ်ကျေးမှုနှင့်လည်း နှိုင်းယှဉ်အကဲဖြတ်ကြရသည်။ နားမလည်သည်ရှိသော် မေးမြန်းစူးစမ်းရသည်။ အပြန်အလှန်ဆွေးနွေးခြင်းဖြင့် ယဉ်ကျေးမှုချင်းဖလှယ်ရသည်။ နားလည်မှုရကြသည်။ ဤသည်မှာ ယဉ်ကျေးမှုဆိုင်ရာ ကူးလူးဆက်နွယ်ဆောင်ရွက်ချက်မှတစ်ဆင့် ယဉ်ကျေးမှုချင်းစကားပြောခြင်းပင်တည်း။

ယဉ်ကျေးမှုဒိုင်ယာလော့ဂ်

ဈေးကွက်စီးပွားရေးခေတ်နှင့် ဒီမိုကရေစီနိုင်ငံရေးစနစ်ကို ဖြတ်သန်းနေချိန် နိုင်ငံတိုင်းသည် အမျိုးသားယဉ်ကျေးမှုနှင့် အမျိုးသားရေးစရိုက်လက္ခဏာများကို ထိန်းသိမ်းထားရုံအဆင့်ဖြင့် မလုံလောက်တော့ပေ။ နိုင်ငံတကာနှင့် စီးပွားရေး၊ လူမှုရေး၊ ကူးလူးယှက်နွယ်မှုပိုမိုများပြားလာသည်နှင့်အမျှ မတူခြားနားသော ယဉ်ကျေးမှုချင်း ပိုမိုနားလည်ရန်လိုအပ်လာပါသည်။ မိမိယဉ်ကျေးမှုကို အခြားနိုင်ငံများသိရှိနားလည်ရန် ကြိုးပမ်းရမည်ဖြစ်သကဲ့သို့ အခြားနိုင်ငံများ၏ ယဉ်ကျေးမှုကိုလည်း မိမိတို့က သိရှိနားလည်ထားရန်လိုအပ်ပါသည်။ ဤသည်နှင့်ပတ်သက်၍ ယခင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်တာဝန်ထမ်းဆောင်ခဲ့ဖူးသူ ကိုဖီအာနန်က 'ခြားနားချက်များဖြည့်ဆည်းရေး ယဉ်ကျေးမှုချင်းနားလည်ပေး' ဟူသောခေါင်းစဉ်ဖြင့် မေတ္တာရပ်ခံချက် စာတမ်းစာစောင်ထုတ်ပြန်ခဲ့သည်ကို (ဆရာသန်းစိုးနိုင် ဘာသာပြန်ဖော်ပြပေးသဖြင့်) မှတ်သားခဲ့ဖူးပါသည်။ ထိုစာတမ်း၏ အနှစ်ချုပ်မှာ မတူညီသောယဉ်ကျေးမှုနှင့် ဘာသာတရားတို့ကို ပိုမိုနားလည်ရန် ယဉ်ကျေးမှုဒိုင်ယာလော့ဂ်(Dialouge of Cultures) ကို နေရာတိုင်းတွင် ပုံသဏ္ဍာန်မျိုးစုံဖြင့် ကျင်းပရန် တိုက်တွန်းနှိုးဆော်ထားခြင်းဖြစ်ပါသည်။ ယဉ်ကျေးမှုဒိုင်ယာလော့ဂ်ဟု ကိန်းကြီး ခန်းကြီး စကားလုံးထုတ်ထားသော်လည်း လုပ်ဆောင်ရမည့်နည်းနာများမှာ ပေါ့ပေါ့ပါးပါးပင်ဖြစ်သည်။ တစ်ဦးချင်း၊ အသင်းအဖွဲ့တစ်ခုချင်း၊ တစ်နိုင်ငံချင်း အဆင်ပြေသည့်နေရာတွင် အဆင်ပြေသလို စကားပြောကြရန်ဖြစ်သည်။ သည့်ထက်မြင့်လိုလျှင် ကုလသမဂ္ဂ၏အခန်းကဏ္ဍကိုမြှင့်တင်လျက် တစ်ကမ္ဘာလုံး လူမှုစီးပွားဘဝ မြှင့်တင်နိုင်ရေး၊ ကမ္ဘာလုံးဆိုင်ရာ ယဉ်ကျေးမှုတစ်ရပ်ဖော်ဆောင်နိုင်ရေးအတွက် ကုလသမဂ္ဂဦးဆောင်သော ကမ္ဘာလုံးဆိုင်ရာ ယဉ်ကျေးမှုဒိုင်ယာလော့ဂ်ကို ကျင်းပရန်ပင်ဖြစ်သည်ဟု ဆိုထားပါသည်။

မြန်မာနိုင်ငံပါဝင်သော အာဆီယံသည် ဒေသတွင်းအင်အားကြီးနိုင်ငံများဖြစ်သည့် တရုတ်၊ အိန္ဒိယ၊ ရုရှားဖက်ဒရေးရှင်း၊ ဩစတြေးလျ၊ နယူးဇီလန်၊ ဂျပန်၊ ကိုရီးယားသမ္မတနိုင်ငံတို့နှင့်လည်းကောင်း၊ ဆက်လက်၍ ပြင်သစ်၊ တီမောလက်စ်တေ၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာ၊ ကိုရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ အမေရိကန်၊ တူရကီ၊ ကနေဒါနိုင်ငံတို့နှင့်လည်းကောင်း၊ အရှေ့တောင်အာရှဒေသ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်ကို ပါဝင်လက်မှတ်ရေးထိုးလျက် ငြိမ်းချမ်းရေး၊ အချင်းချင်းလေးစားချစ်ကြည်ရေး၊ ထိရောက်စွာပူးပေါင်းဆောင်ရွက်ရေး စသည်တို့ကို ဆောင်ရွက်လျက်ရှိသည်။ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ် (တီအေစီ) တွင် လိုက်နာရမည့်အခြေခံမူကြီးများ ချမှတ်ထားရာ 'အမျိုးသားရေးလက္ခဏာများကို အပြန်အလှန်လေးစားရေး' ဟူသောအချက်သည် ပထမဦးစားပေးဖော်ပြထားသည့် အခြေခံမူတစ်ရပ်ဖြစ်ကြောင်း တွေ့ရပေမည်။ အနာဂတ်တွင် ဤနိုင်ငံများနှင့် အနီးကပ်ဆက်ဆံရန်၊ မတူခြားနားသော ယဉ်ကျေးမှုချင်းနားလည်ရန်၊ တစ်နိုင်ငံ၏ အမျိုးသားရေးလက္ခဏာများကို တစ်နိုင်ငံက ကောင်းစွာသိရန်အတွက် ယဉ်ကျေးမှုဒိုင်ယာလော့ဂ်များပြုလုပ်ရန် ပိုမိုလိုအပ်လာမည်ဖြစ်ပါသည်။

ဘာသာ၊ ယဉ်ကျေးမှုချင်း အမြင်ဖလှယ်ကြရာတွင် မတူညီမှုများကိုသည်းခံ၊ တူညီမှုများကိုတန်ဖိုးထားရန်နှင့် စိတ်တံခါးကိုဖွင့်၍ဆက်ဆံကြလျှင် လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်း ခိုင်မာစွာဖြစ်တည်လာပါမည်။ ထိုအခါ အာဆီယံ လူမှုရေးယဉ်ကျေးမှုအသိုက်အဝန်းကမျှော်မှန်းထားသည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုဖူလုံရေးနှင့် ကာကွယ်ရေး၊ တရားမျှတမှုနှင့် အခွင့်အရေး၊ ပတ်ဝန်းကျင်တည်တံ့မှုနှင့် သေချာစေရေး၊ ထပ်တူညီသော အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကွာဟချက် ကျဉ်းမြောင်းစေရေးတို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ပါသည်။

ယနေ့ အာဆီယံနှင့် တရုတ်လူငယ်စခန်းချပွဲသည် ယဉ်ကျေးမှုဒိုင်ယာလော့ဂ်၏ နမူနာပြယုဂ်ကောင်းတစ်ခုဖြစ်ကြောင်း ထင်မြင်မိပါသည်။ အနာဂတ်ကို ဦးဆောင်မည့်လူငယ်များအနေဖြင့် နိုင်ငံတကာယဉ်ကျေးမှုရှုခင်းကို မြင့်မြင့်တက်၊ ဝေးဝေးမြင်အောင်ကြည့်ခဲ့ကြပြီ။ အမိနိုင်ငံ၏ ယဉ်ကျေးမှုကိုလည်းနက်နက်ရှိုင်းရှိုင်း၊ ကျယ်ကျယ်ပြန့်ပြန့်သိမြင်အောင် အားထုတ်ခဲ့ကြပြီးဖြစ်သည်။ ထိုမှဆက်၍ ယဉ်ကျေးမှုချင်းစကားပြောရင်းမှ ကူးလူးယှက်နွယ်ချစ်ကြိုးသွယ်မိကာ အချင်းချင်းနားလည် ယုံကြည်အားသစ်တစ်ခု 'တည်' မိလေပြီ။ ထိုအားသစ်က နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ထောက်ကူပေးနိုင်ပါလိမ့်မည်။ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်လက်ခံကျင်းပသည့် ရက်ပိုင်းအတွင်း ချစ်ကြည်ရေးလူငယ်စခန်းချပွဲ ဖြစ်မြောက်အောင်မြင်စေရန် တစ်တပ်တစ်အားပါဝင်ဆောင်ရွက်ခဲ့သည့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံအာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေး အမျိုးသားကော်မတီတို့မှ တာဝန်ရှိသူများ၏ ကြိုးပမ်းအားထုတ်မှု၊ မြန်မာနိုင်ငံလူငယ်ကိုယ်စားလှယ်များအဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) နှင့် (မန္တလေး)တို့မှ ကျောင်းသား၊ ကျောင်းသူများ၏ ကြိုးပမ်းအားထုတ်မှုများကို ဂုဏ်ယူစွာမှတ်တမ်းတင်အပ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

တိုက်ကွမ်ဒို အားကစားပြိုင်ပွဲ မြို့တော်စည်ပင်အသင်း တံခွန်စိုက်ဆုများရရှိ

ရန်ကုန် ဒီဇင်ဘာ ၁၈

(၃၅)နှစ်မြောက် မြန်မာ-ကိုရီးယား သံတမန်ဆက်ဆံရေးအထိမ်းအမှတ် ၂၀၁၀ ခုနှစ် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီးဖလား တိုက်ကွမ်ဒိုပြိုင်ပွဲကို ဒီဇင်ဘာ ၉ ရက်နှင့် ၁၀ ရက်နေ့များတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၌ ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲသို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တိုက်ကွမ်ဒိုအသင်းကို အသင်းအုပ်ချုပ်သူ ဦးကျော်သန်းဦး ဦးဆောင်ပြီး တိုက်ကွမ်ဒိုအတိုက်(နည်းပြ) ဦးဝင်းထွန်းလင်းနှင့် ဦးကျော်ကျော်ထူး၊ ကကွက် (နည်းပြ) ဒေါ်စိုးစိုးသင်းနှင့် အားကစားသမား ၇၀ တို့ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

တံခွန်စိုက်ဆုဖလား

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တိုက်ကွမ်ဒိုအသင်းသည် အကြီးတန်း တိုက်ကွမ်ဒို(အတိုက်)ပြိုင်ပွဲတွင် ရွှေလေးခု၊ ငွေငါးခု၊ ကြေးသုံးခုဖြင့် ပထမတံခွန်စိုက်ဆုဖလားနှင့် အသင်းလိုက် တိုက်ကွမ်ဒို(ကကွက်)ပြိုင်ပွဲတွင် ရွှေသုံးခု၊ ငွေနှစ်ခု၊ ကြေးနှစ်ခုဖြင့် ပထမတံခွန်စိုက်ဆုဖလားရရှိခဲ့သည်။

ယင်းပြိုင်ပွဲသို့ ဝန်ကြီးဌာနအသင်းများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအသင်းများမှ ကလပ်အသင်းများ စုစုပေါင်း ၂၁ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြကာ တိုက်ကွမ်ဒိုအားကစားသမားပေါင်း ၄၇၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

တံခွန်စိုက်ဆုရ မြို့တော်စည်ပင်အသင်း

၂၀၁၀ခုနှစ် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီးဖလား တိုက်ကွမ်ဒိုပြိုင်ပွဲတွင် အကြီးတန်းတိုက်ကွမ်ဒိုပြိုင်ပွဲ (အတိုက်) ပြိုင်ပွဲနှင့် အသင်းလိုက် (ကကွက်) ပြိုင်ပွဲတို့တွင် ပထမတံခွန်စိုက်ဆုဖလားနှစ်ခုရရှိခဲ့သည့် အောင်ပွဲရ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တိုက်ကွမ်ဒိုအသင်းအား ဆုယူအပြီးတွေ့ရစဉ်။ (ကြေးမုံ)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး။

အထက(၂) သန်လျင် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၈

သန်လျင်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း (ယခင်-မက်သဒစ် အထက်တန်းကျောင်း) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၃)ကြိမ်မြောက် သက်ပြည့်အငြိမ်းစား ဆရာကြီး၊ ဆရာမကြီး ၅၉ ဦးတို့အား မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၈ နာရီတွင် အဆိုပါကျောင်း ရတနာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဆရာမကြီး ဒေါ်ခင်ခင်မြင့် (သိမ်ကျောင်းလမ်း၊သန်လျင်) ဖုန်း-၀၅၆-၂၂၀၄၁၊ ဦးဌေးဝင်း (နီလာမင်းရွှေဆိုင်၊ မြို့မဈေး၊ သန်လျင်) ဖုန်း-၀၉-၅၀၁၅၀၂၁၊ ဦးခင်မောင်ပြုံး (ပြုံးပြုံးလေးစတိုး၊ မြို့မဈေး၊သန်လျင်)၊ ဦးအောင်ထင် (မြို့ဟောင်းအလယ်) ဖုန်း-၀၅၆-၂၁၂၉၆၊ ၀၉-၅၁၉၁၀၇၁ နှင့် ဦးကြည်ဝင်း (သန်လျင်ဆေးရုံစားသောက်ဆိုင်) ဖုန်း-၀၅၆-၂၂၆၉၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၅၂၇)

၂၀၁၀ ခုနှစ် ဒီဇင်ဘာလူထုအားကစားလအထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲနှင့် အားကစားဝန်ကြီးဌာန နှစ်ပတ်လည်နေ့ ဝန်ကြီး သူရဦးအေးမြင့် တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၁၈

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်သည် ယနေ့နံနက် ၆ နာရီတွင် နေပြည်တော် မြို့မဈေးရှေ့စုရပ်၌ ကျင်းပသော ၂၀၁၀ ခုနှစ် ဒီဇင်ဘာလူထုအားကစားလ အထိမ်းအမှတ် တတိယပတ် စုပေါင်းလမ်းလျှောက်ပွဲသို့ ပါဝင်ဆင်နွှဲ လမ်းလျှောက်သည်။

စုပေါင်းလမ်းလျှောက်ပွဲသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ၊ အားကစားဝန်ကြီးဌာနနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ ကျန်းမာရေးလေ့လာလိုက်စားကြသူ ပြည်သူလူထုများ စုစုပေါင်းအင်အား ၁၀၅၀၀ ကျော် ပါဝင်ဆင်နွှဲကြသည်။

ရှေးဦးစွာ နံနက် ၅ နာရီခွဲတွင် ဝန်ကြီးဌာနများမှ ဝန်ထမ်းများသည် လမ်းလျှောက်ပွဲတာလွှတ်မည့်နေရာ၌ အသီးသီးနေရာယူထားကြကာ နံနက် ၆ နာရီ၌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်နှင့် တာဝန်ရှိသူများ ဦးဆောင်၍ စတင်တာထွက် လမ်းလျှောက်ကြပြီး တောင်ညို - ပျဉ်းမနား လမ်းအတိုင်း သပြေကုန်းအဝိုင်းသို့ လည်းကောင်း၊ သပြေကုန်းအဝိုင်းမှတစ်ဆင့် ရာဇသင်္ဂဟလမ်းအတိုင်း ကျောက်မျက်ရတနာပြတိုက်ရှေ့သို့ ပန်းဝင်ကြရာ လမ်းလျှောက်ပွဲဆင်နွှဲကြသူများအား ဟိုတယ်ရွှေပြည်တော်နှင့် မင်္ဂလာသီရိဟိုတယ်တို့မှ စမူဆာများ၊ ရေသန့်များဖြင့် ကျွေးမွေးဧည့်ခံကြသည်။

ယင်းနောက် လမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲသူများသည် ကျောက်မျက်ရတနာပြတိုက်ရှေ့၌ ဝန်ကြီးဌာနအလိုက် တန်းစီကာ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းအစီအစဉ် အတွဲအမှတ် (၃)နှင့် (၄)တို့ကို တပျော်တပါး ပါဝင်လှုပ်ရှားကြပြီး စုပေါင်းလမ်းလျှောက်ပွဲကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ဝန်ကြီးသည် နေပြည်တော် အားကစားဝန်ကြီးဌာနရှိ စုပေါင်းခန်းမ၌ ကျင်းပသော အားကစားဝန်ကြီးဌာန (၁၄)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ အားကစားဝန်ကြီးဌာနနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တာဝန်ခံအရာရှိများ၊ အရာထမ်း၊ အမှုထမ်းများ၊ မိသားစုဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး သူရဦးအေးမြင့်က ၁၉၉၆ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်မှ ယနေ့အထိ အားကစားဝန်ကြီးဌာန စတင်ဖွဲ့စည်းခဲ့ရာ ယခုဆိုလျှင် ၁၄ နှစ်တင်းတင်းပြည့်မြောက်ပြီးဖြစ်ရာ အားကစားနှင့်ကာယပညာသိပ္ပံကျောင်းများမှ နိုင်ငံ့လက်ရွေးစင် အားကစားသမားများနှင့် သွေးသစ်အားကစားသမားများ မွေးထုတ်ပေးနိုင်ခဲ့မှု အခြေအနေများကို ရှင်းလင်းပြောကြား၍ ဝန်ကြီးဌာနအတွင်းမှ ဘွဲ့ထူးဂုဏ်ထူးရရှိသူများ၊ သင်တန်းအသီးသီးတွင် ထူးချွန်ဆုရရှိသူများ၊ ဝန်ထမ်းမိသားစုများမှ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သူများအား ချီးကျူးမှတ်တမ်းတင်ကြောင်း၊ အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေး တာဝန်သည် ကြီးမားကျယ်ပြန့်လှသဖြင့် ဝန်ထမ်းများအားလုံး အဘက်ဘက်မှ တက်ညီလက်ညီ ကြိုးစားဆောင်ရွက်ကြမှသာ အောင်မြင်နိုင်မည်ဟု အလေးအနက်ခံယူကာ မိမိကျရာ အခန်းကဏ္ဍမှနေ၍ စည်းကမ်းရှိရှိ၊ တာဝန်သိသိ၊ စည်းစည်းလုံးလုံး၊ ပျော်ပျော်ရွှင်ရွှင်ဖြင့် လက်တွဲညီညီ ကြိုးပမ်းဆောင်ရွက်သွားကြရေး တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ထူးချွန်ဆုရရှိသူများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို ကျင်းပရာ ဝန်ကြီးက အရာထမ်းလောင်းအခြေခံသင်တန်းအမှတ်စဉ်(၃၁)တွင် သေနတ်ပစ်ထူးချွန်ဆုရရှိခဲ့သည့် ဦးစီးအရာရှိ ဦးကျော်ထူးအောင်၊ ပြည်တွင်းပြည်ပအားကစားပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)မှ အားကစားသမားများကိုယ်စား ကျောင်းအုပ်ကြီး၊ စတုတ္ထအကြိမ်မြောက် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ပထမဆုရ အားကစားဝန်ကြီးဌာန ဘောလုံးအသင်း၊ တတိယအကြိမ်မြောက် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဒုတိယဆုရ အားကစားဝန်ကြီးဌာန ဘော်လီဘောအသင်းနှင့် အားကစားဝန်ကြီးဌာန (နေပြည်တော်)၏ ဌာနတွင်း အားကစားပြိုင်ပွဲတွင် ဆုရရှိကြသူများအား ဂုဏ်ပြုဆုကြေးငွေများ ပေးအပ်ချီးမြှင့်ကာ ပြည်နယ်နှင့်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနများသို့ ကွန်ပျူတာ၊ မြက်ဖြတ်စက်နှင့် မီးစက်များကိုလည်းကောင်း၊ ဂီရိလေမုန်တိုင်းဘေးဒဏ်သင့်ခဲ့သည့် ရခိုင်ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ အရာထမ်း/အမှုထမ်း ခြောက်ဦးတို့အား ကယ်ဆယ်ရေး ထောက်ပံ့ချီးမြှင့်ငွေ ၁၈ သိန်းကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ဆုများချီးမြှင့်

ထို့နောက် ကံစမ်းမဲအစီအစဉ်အဖြစ် ငွေသားဆုမဲများနှင့် အထူးဆုအဖြစ် ၂၁ လက်မ ရောင်စုံရုပ်မြင်သံကြားပြစက်တစ်လုံးတို့ကို ဝန်ကြီးနှင့် တာဝန်ရှိသူများက မဲနှိုက်ပေးကြပြီး ဆုများချီးမြှင့်ကာ အခမ်းအနား တက်ရောက်လာကြသူများအား မုန့်ဟင်းခါးဖြင့် ကျွေးမွေးဧည့်ခံ၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယမန်နေ့ ညပိုင်းကလည်း အားကစားဝန်ကြီးဌာန နှစ်ပတ်လည်နေ့ အကြိုအဖြစ် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ရွှေမြန်မာ အငြိမ့်ဖြင့် ကပြဖျော်ဖြေရာ အားကစားဝန်ကြီးဌာနနှင့် သာသနာရေးဝန်ကြီးဌာနတို့မှ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အရာထမ်း၊ အမှုထမ်းများ၊ မိသားစုဝင်များ တပျော်တပါး ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပါဝင်ဆင်နွှဲ

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် နေပြည်တော် မြို့မဈေးရှေ့စုရပ်၌ ကျင်းပသော ၂၀၁၀ ခုနှစ် ဒီဇင်ဘာ လူထုအားကစားလအထိမ်းအမှတ် တတိယပတ် စုပေါင်းလမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲစဉ်။ (သတင်းစဉ်)

အောင်ပွဲရ နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့လက်ရွေးစင် သေနတ်ပစ်အားကစားအဖွဲ့ ပြန်လည်ရောက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၁၈

၂၀၁၀ ခုနှစ် အင်ဒိုနီးရှားသမ္မတနိုင်ငံ (ဂျကာတာမြို့)၌ ဒီဇင်ဘာ ၁၀ ရက်မှ ၁၈ ရက်အထိ ကျင်းပခဲ့သော (၃၄)ကြိမ်မြောက် အရှေ့တောင်အာရှ ဖိတ်ခေါ် သေနတ်ပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်လေးခုနှင့် ကြေးတံဆိပ်နှစ်ခု ဆွတ်ခူးရရှိခဲ့သော အောင်ပွဲရ မြန်မာ့လက်ရွေးစင် သေနတ်ပစ်အားကစားအဖွဲ့သည် ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ သေနတ်ပစ်အဖွဲ့ချုပ် အမှုဆောင်များ၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)မှ အားကစားမောင်/မယ်များနှင့် ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

မြန်မာ့လက်ရွေးစင် သေနတ်ပစ်အားကစားအဖွဲ့သည် အမျိုးသမီးတစ်ဦးချင်း မီတာ ၅၀ စိတ်ကြိုက် ရိုင်ဖယ်ဝမ်းလျားမှောက်ပြိုင်ပွဲတွင် သန်းသန်းစောက ရွှေတံဆိပ်တစ်ဆု၊ အမျိုးသားအသင်းလိုက် မီတာ ၅၀ စိတ်ကြိုက် ရိုင်ဖယ် ဝမ်းလျားမှောက်ပြိုင်ပွဲတွင် လင်းအောင်၊အောင်ငြိမ်းနီနှင့် သူရအောင်တို့ အတွဲက ငွေတံဆိပ်တစ်ဆု၊ အမျိုးသားတစ်ဦးချင်း မီတာ ၅၀ စိတ်ကြိုက်ရိုင်ဖယ် ဝမ်းလျားမှောက်ပြိုင်ပွဲတွင် လင်းအောင်က ငွေတံဆိပ်တစ်ဆု၊ အမျိုးသမီးတစ်ဦးချင်း ၂၅ မီတာ အားကစားပစ္စတိုပြိုင်ပွဲတွင် လေးဇာဇာလှိုင်းမြင့်က ငွေတံဆိပ်တစ်ဆု၊ အမျိုးသားတစ်ဦးချင်း ၁၀ မီတာ လေပစ္စတိုပြိုင်ပွဲတွင် မောင်ကြူးက ငွေတံဆိပ်တစ်ဆု၊ အမျိုးသားတစ်ဦးချင်း မီတာ ၅၀ စိတ်ကြိုက်ပစ္စတိုပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ဆုနှင့် အမျိုးသမီးအသင်းလိုက် မီတာ ၅၀ စိတ်ကြိုက် ရိုင်ဖယ် ဝမ်းလျားမှောက်ပြိုင်ပွဲတွင် သန်းသန်းစော၊ ရွှေဇင်ငြိမ်းနှင့် မြတ်သူဇာဝင်းတို့အတွဲက ကြေးတံဆိပ်တစ်ဆု၊ စုစုပေါင်း ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်လေးခုနှင့် ကြေးတံဆိပ်နှစ်ခုတို့ရရှိခဲ့သည်။

မြန်မာ့လက်ရွေးစင် သေနတ်ပစ်အားကစားအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် မြန်မာနိုင်ငံ သေနတ်ပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်ဝင်း (ကာကွယ်ရေးဝန်ကြီးဌာန)၊ မြန်မာနိုင်ငံ သေနတ်ပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးထက်ညီ (အုပ်ချုပ်သူ-ရိုင်ဖယ်)၊ ဦးဖြိုးကိုကိုတင့်ဆန်း (အုပ်ချုပ်သူ-ပစ္စတို)နှင့် အတွင်းရေးမှူး ဦးကျော်မိုးဝင်း(ဒုတိယညွှန်ကြားရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာန) နည်းပြတို့ ပြန်လည်လိုက်ပါလာကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အင်ဒိုနီးရှားသမ္မတနိုင်ငံ (ဂျကာတာမြို့) ၌ ကျင်းပခဲ့သော (၃၄) ကြိမ်မြောက် အရှေ့တောင်အာရှ ဖိတ်ခေါ် သေနတ်ပစ်ပြိုင်ပွဲတွင် အမျိုးသမီးတစ်ဦးချင်း မီတာ ၅၀ စိတ်ကြိုက် ရိုင်ဖယ် ဝမ်းလျားမှောက်ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ဆုနှင့် အမျိုးသမီး အသင်းလိုက် မီတာ ၅၀ စိတ်ကြိုက် ရိုင်ဖယ် ဝမ်းလျားမှောက်ပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ဆုရရှိခဲ့သည့် မြန်မာ့လက်ရွေးစင် သေနတ်ပစ် အားကစားမယ် သန်းသန်းစောအား တွေ့ရစဉ်။ (အား/ကာ)

SAMSUNG ၏ Bye Bye 2010 Promotion ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၈

AA Electronics Ltd. က တင်သွင်းဖြန့်ချိသော Samsung, Star,Fuji Electronics ပစ္စည်းများ၏ Bye Bye 2010 Promotion ကို ဒီဇင်ဘာ ၁၅ ရက်မှ ၃၁ ရက်အထိ Up to 50% ထိ ဈေးလျှော့ရောင်းချပေးလျက်ရှိသည်။**(အောက်ယာပုံ)**

ထို့အပြင် ဝယ်ယူအားပေးသော Customer များအား ကျေးဇူးတုံ့ပြန်သောအားဖြင့် ဝယ်ယူသည့် ငွေပမာဏအပေါ်မူတည်ပြီး ငွေသားပြန်အမ်းပေးခြင်း၊ လက်ဆောင်ပေးခြင်းများလည်း ပေးသွားမည်ဖြစ်သည်။

ယခုဈေးရောင်းပွဲတော်တွင် Samsung ၏ နောက်ဆုံးပေါ် နည်းပညာများဖြင့် ထုတ်လုပ်ထားသည့် LED 3D TV ဝယ်ယူသူတိုင်း Blu -Ray Player, Blu-Disc, Glass (1)pc ပါဝင်ကြောင်း၊ Samsung Plasma, LCD, LED, ရေခဲသေတ္တာ၊ အဝတ်လျှော်စက်၊ Air-Con, Flat TV, Slim TV များကို ယခင်ဈေးထက် အထူးသက်သာသည့် ဈေးနှုန်းဖြင့် ရောင်းချပေးခြင်းဖြစ်ကြောင်း၊ Samsung ၏ အခိုင်အမာ Customer များကလည်း ဤအခွင့်အရေးကောင်းကို လက်လွတ်မခံဘဲ ဝယ်ယူအားပေးကြကြောင်း သိရှိရသည်။

အားပေးလိုသူများအနေဖြင့် အမှတ်(၄၀၈/၄၁၀) မဟာဗန္ဓုလလမ်းနှင့် (၃၅) လမ်းထောင့်၊ အမှတ်(၁၄၆/၁၅၂)ပန်းဆိုးတန်းလမ်း(အလယ်ဘလောက်) ရန်ကုန်မြို့တို့တွင် ဝယ်ယူအားပေးနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ဈေးလာသည့်ဒိုင်နာကားတိမ်းမှောက် တစ်ဦးသေ၊ ငါးဦးဒဏ်ရာရ

ပျော်ဘွယ် ဒီဇင်ဘာ ၁၈

မိတ္ထီလာ - ကျောက်ပန်းတောင်း ကားလမ်းပေါ်တွင် ကားချင်းရှောင်ရာမှ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးသို့ တိမ်းမှောက်ခဲ့ရာ တစ်ဦးပွဲချင်းပြီးသေဆုံးပြီး ငါးဦးအပြင်းအထန်ဒဏ်ရာရရှိသွားရသည့် ယာဉ်မှောက်မှုတစ်ခု ဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ ဒီဇင်ဘာ ၁၆ ရက် ည ၁၀ နာရီအချိန်က ပျော်ဘွယ်မြို့နယ် ညောင်ကုန်းကျေးရွာမှ ရာဇာထွန်း(ခ) ပေါက်တူး (၂၁)နှစ်သည် (၅က) ဒိုင်နာခြောက်ဘီးအစိမ်းရောင်ကားကို ညောင်ကုန်းမှ မိတ္ထီလာဈေးသို့ ခရီးသည် ၂၁ ဦးတင်ဆောင်၍ မောင်းလာခဲ့ရာ မြင်းကန်ကျေးရွာအနီး မိုင်တိုင်အမှတ်(၄/၅) အရောက်တွင် မျက်နှာချင်းဆိုင်မှ ကားတစ်စီးကိုရှောင်လိုက်ရာ ကားမှာအရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်သွားခဲ့သည်။

ကားပေါ်ပါ ခရီးသည်များအနက် ညောင်ကုန်းကျေးရွာနေ မနှင်းနွယ် (၂၁)နှစ်သည် ဒဏ်ရာများရရှိပြီး နေရာတွင်ပင် ပွဲချင်းပြီး သေဆုံးသွားပြီး ကျော်လွန်အောင် (၁၉)နှစ်၊ မသီတာအေး (၂၅)နှစ်၊ ဒေါ်ခင်ပု(၅၄)နှစ်၊ ဒေါ်ခင်ဌေး (၄၂)နှစ်နှင့် မချိုနှင်း (၂၁)နှစ်တို့မှာ ဒဏ်ရာအသီးသီးရရှိသွားသဖြင့် မိတ္ထီလာဆေးရုံကြီးသို့ တင်ပို့ထားရသည်။

ယာဉ်တိုက်မှုနှင့်ပတ်သက်၍ မိတ္ထီလာအမှတ်(၁)ရဲစခန်း တာဝန်မှူး ဒုရဲအုပ်ဇော်မိုးလွင်က ယာဉ်မောင်း ရာဇာထွန်းအား ရဲစခန်း (ပ)၅၈၃/၂၀၁၀ ပုဒ်မ ၃၀၄(က)/၃၃၇/၃၃၈ဖြင့် အမှုဖွင့်အရေးယူထားသည်။

ကားအရှိန်ပြင်း၍ မထိန်းနိုင်ဘဲ တိမ်းမှောက်မှုဖြစ်ရကြောင်း၊ ယာဉ်မောင်းအပါအဝင် ခရီးသည်များ ဘေးအန္တရာယ်လုံခြုံရေးအတွက် အရှိန်ပြင်းမမောင်းနှင်ဘဲ ဆင်ခြင်သင့်ကြောင်း ခရီးသည်များက သုံးသပ်ပြောကြားကြသည်။ (၁၁၁)

မြန်မာစာအမှတ်အများဆုံးရသူများအား ဆုချီးမြှင့်

ရန်ကုန် ဒီဇင်ဘာ ၁၈

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း၏ (၂၃)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲနှင့် ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် မြန်မာတစ်နိုင်ငံလုံး ပင်ရင်းမြန်မာစာတွင် အမှတ်အများဆုံးရရှိကြသည့် မဇင်နွယ်ဦး (အထက-၂ လမ်းမတော်)၊ မောင်ဟန်ဇော်(အထက လေ့ကျင့်ရေးကမာရွတ်)၊ မဇင်မာဖြိုး(အထက-၅၊ပြည်)၊ မခိုင်ခိုင်လွင် ကျော်(အထက-၂၊စမ်းချောင်း)၊ မသက်စုစုလင်းထက်(အထက-၁၊ညောင်လေးပင်)တို့အား YMBA အသင်း ဥက္ကဋ္ဌ ဦးတင်ဝင်း(မင်္ဂလမ္မဇောတိကဓဇ)နှင့် အမှုဆောင်များ၊ မြန်မာစာ ဦးရဲဝေတို့က ဂုဏ်ပြုဆုများချီးမြှင့်ရာ ဆုရရှိသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားကြောင်း သိရသည်။ (၂၃)

○ ကျောဖုံးမှ

ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များအား ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကျော်ဇောနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

စစ်ဆေး

ထို့နောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များအား ကျောက်မဲခရိုင် နောင်ချိုမြို့နယ် ဟိုခိုကျေးရွာအုပ်စု လုံခမ်းကျေးရွာအနီး မိုင်တိုင်အမှတ် (၃၈/၀)ရှိ စီမံကိန်းရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က ၁၀ ဖွဲ့တို့က သက်ဆိုင်ရာ လမ်းပိုင်းအလိုက် တစ်ပြိုင်နက်တည်း ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပဏာမ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီးသည် ပြင်ဦးလွင်-မိုးကုတ်လမ်းစီမံကိန်း၏ မြေနေရာ ရှင်းလင်းခြင်း၊ ၃၄ ပေ အကျယ် လမ်းနယ်ရရှိစေရန် မြေကြီးလုပ်ငန်းဆောင်ရွက်ခြင်း၊ အခြေခံလွှာခင်းခြင်း၊ ကတ္တရာခင်းခြင်း၊ ရေပြွန်နှင့် တံတားများတည်ဆောက်ခြင်း၊ လမ်းအကာအရံတိုင်နှင့် လမ်းညွှန်ဆိုင်းဘုတ်များ စိုက်ထူခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီးနောက် ပုသိမ် - မုံရွာလမ်း (၄၅၀/၅)မိုင်၊ နေပြည်တော်-တောင်ညို-မြို့သစ်-(၈၉/၆)မိုင်၊ ကိုးပင်-သာဂရလမ်း (၉၆/၃)မိုင်၊ ကသာ-စင်ခန်းလမ်း (၆၅/၀)မိုင်၊ ရန်ကုန်-စစ်တွေလမ်း (မင်းဘူး - အမ်း - စစ်တွေလမ်း) (၂၉၆/၅)မိုင် အပါအဝင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူဆောင်ရွက်လျက်ရှိသော လမ်းများ၏လုပ်ငန်းပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးက လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာသည်နှင့်အမျှ တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်မှု အရှိန်ကောင်းများလည်း ရရှိလာနိုင်မည်ဖြစ်သည့်အပြင် ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများ

လမ်းလုပ်ငန်းသာမက စိုက်ပျိုးရေးနှင့် အခြားကဏ္ဍအသီးသီးတွင်လည်း စက်များဖြင့် အစားထိုးနိုင်ရန် တီထွင်ကြံဆ သို့မှသာ မိမိတို့မျှော်မှန်းသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ် အလျင်အမြန်ရောက်ရှိလာမည်

ပြင်ဦးလွင် - မိုးကုတ်လမ်းသစ်ကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ အမှတ်(၉၁၀) စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်းက ကွင်းဆင်းလေ့လာခဲ့ပြီး ပြည်သူ့ဆောက်လုပ်ကန်ပြား - မကွေး (၁၀၇)မိုင်၊ တိုက်ကြီး - ဖောင်ကြီး - ပဲခူးလမ်း (တိုက်ကြီး - ဆယ်မိုင်ကုန်းအပိုင်း) (၄၂/၇)မိုင်၊ မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း - ဖဒို - ပိန်းဇလုပ်လမ်းလည်း မြန်မြန်ဆန်ဆန်တိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေးမကောင်းပါက ထိုဒေသများသည် အစစအရာရာ နောက်ကျကျန်ရစ်နေမည်ဖြစ်ကြောင်း။

ယနေ့ မိမိတို့ဖောက်လုပ်နေသည့် လမ်းများအတွက် လိုအပ်သည့် ကတ္တရာကို ပြည်ပမှ ဝယ်ယူနေရသဖြင့် ပြည်တွင်းထွက် ဘိလပ်မြေဖြင့် ဖောက်လုပ်နိုင်သည့် ကွန်ကရစ်လမ်းများဖြင့် လမ်းပိုင်းအလိုက် အစားထိုးဖောက်လုပ်နိုင်မည့် အခြေအနေကိုလည်း သုတေသနပြုသွားရန် လိုအပ်ကြောင်း။

စက်များဖြင့်အစားထိုး

ထို့အပြင် လူလုပ်အားဖြင့် လုပ်ဆောင်နေရဆဲဖြစ်သည့် ကတ္တရာကျိုခြင်း၊ ကတ္တရာလောင်းခြင်း၊ ကျောက်ကြိတ်ခြင်း၊ ခွဲခြင်း စသည့် လုပ်ငန်းများကိုလည်း စက်ကိရိယာများဖြင့် တဖြည်းဖြည်း အစားထိုးအသုံးပြုနိုင်ရန် လိုအပ်သည့် စက်ကိရိယာများကို ကိုယ်ပိုင်စက်ရုံများတွင် တီထွင်ထုတ်လုပ်သွားနိုင်ရန် လိုအပ်ကြောင်း၊ လမ်းလုပ်ငန်းတွင်သာမက စိုက်ပျိုးရေးကဏ္ဍနှင့် အခြားသော ကဏ္ဍအသီးသီးတွင်လည်း စက်ကိရိယာများဖြင့် အစားထိုးဆောင်ရွက်နိုင်ရန် တီထွင်ကြံဆ လုပ်ဆောင်သွားကြရန်လိုကြောင်း၊ သို့မှသာ မိမိတို့မျှော်မှန်းသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ် လျင်မြန်စွာ ရောက်ရှိလာမည် ဖြစ်ကြောင်းဖြင့် အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင် (ရေငယ်)-မိုးကုတ်လမ်း ဖောက်လုပ်ရေးစီမံကိန်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို စီမံကိန်းရှုရပ်မှနေ၍ ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်-မိုးကုတ်လမ်း ဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ရဟတ်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကြသည်။ (သတင်းစဉ်)

ပြင်ဦးလွင်(ရေငယ်)-မိုးကုတ်လမ်း ဖောက်လုပ်ထားရှိမှု အခြေအနေကို ဝေဟင်မှ တွေ့ရစဉ်။ (သတင်းစဉ်)

ပြင်ဦးလွင် (ရေငယ်)-မိုးကုတ်လမ်းဖောက်လုပ်ရေး စီမံကိန်း၏ လမ်းပိုင်းတစ်နေရာကို တွေ့ရစဉ်။ (သတင်းစဉ်)

ရေးလုပ်ငန်းက ပူးပေါင်း၍ လမ်းအူကြောင်းကို ကွင်းဆင်းတိုင်းတာစစ်ဆေးခဲ့ပါကြောင်း။

ပြင်ဦးလွင် - မိုးကုတ်လမ်းသစ်သည် မန္တလေး-လားရှိုးလမ်း မိုင် ၄၆/၃ (ရေငယ်)မှ မိုးကြိုးပစ်ရွာသို့ ခွဲထွက်ပြီး ကျောက်မဲလေး-လုံခမ်း-လဲကြီး (မိုးကုတ်-မိုင်းလုံလမ်း မိုင် ၁၄/၀)မှ တစ်ဆင့်မိုးကုတ်သို့ သွားသည့်လမ်းဖြစ်ပြီး အရှည် ၈၄ မိုင် ၄ ဖာလုံရှိပါကြောင်း။

အမှတ်(၉၁၀)စစ်မြေပြင် အင်ဂျင်နီယာတပ်ရင်းသည် လုံခမ်းမှလဲကြီး အထိ ၃၂ မိုင် ၆ ဖာလုံကို တစ်ကြောင်းထိုးဆောင်ရွက်ခဲ့ပြီး လဲကြီးတံတား (နမ့်ပန်ချောင်းတံတား) ပေ ၁၆၀၊ တန် ၆၀ခံ တံတားကို တည်ဆောက်လျက်ရှိပါကြောင်း၊ ပြင်ဦးလွင်-မိုးကုတ်လမ်းတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ပြင်ဦးလွင်ခရိုင် လမ်းဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၁)နှင့် ကုမ္ပဏီ

နိုင်ငံတော် အေးချမ်းသာယ
ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
စပ်လျဉ်း၍ လမ်းညွှန်မှာကြားစဉ်

လမ်းအသုံးပြုခ ကောက်ခံဂိ

ရန်ကုန် ဒီဇင်ဘာ ၁၈

ပုံမှန်လျှပ်စစ်ဓာတ်အားမရရှိသေးသည့် ဒေသအချို့တွင် ဆိုလာစွမ်းအင်ကို ကျယ်ကျယ်ပြန့်ပြန့် အစားထိုးသုံးစွဲလာကြသည်။ ယင်းသို့ ဆိုလာစွမ်းအင်သုံးစွဲမှုများအနက် လမ်းအသုံးပြုခ ကောက်ခံဂိတ်အချို့တွင်လည်း ဆိုလာစွမ်းအင် တပ်ဆင်အသုံးပြုခြင်းများ ရှိလာပြီဖြစ်သည်။ ဆိုလာစွမ်းအင် တပ်ဆင်အသုံးပြုသည့်လမ်းအသုံးပြုခကောက်ခံရေးဂိတ်တစ်ခုမှာ စစ်ကိုင်းတိုင်းဒေသကြီးကသာ၊ အင်းတော်၊ နမ့်စီးအောင်လမ်းပိုင်းဖြစ်ပြီး ကနဦး တပ်ဆင်မှုအနေဖြင့် ကသာမြို့အထွက်ဂိတ်တွင် စတင်အသုံးပြုခြင်းဖြစ်သည်။ အဆိုပါ လမ်းပိုင်းအား ဆုထူးပန် ဆောက်လုပ်ရေးကုမ္ပဏီက B.O.T စနစ်ဖြင့် လုပ်ကိုင်နေခြင်းဖြစ်ပြီး တပ်ဆင်သည့် ဆိုလာစနစ်မှာ အိုကေမြန်မာကုမ္ပဏီ၏ SANYO ဆိုလာစနစ်ဖြစ်သည်။ လမ်းအသုံးပြုခ ကောက်ခံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လမ်းပန်းဆက်သွယ်မှုကောင်းမွန်အောင် ဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ လမ်းညွှန်မှာကြားစဉ်။ (သတင်းစဉ်)

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

☆ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။

☆ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။

☆ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပြီးစီးခဲ့ပြီဖြစ်ရာ အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ ဝိုင်းဝန်းဆက်လက်ကြိုးပမ်းဆောင်ရွက်ရေး။

☆ နိုင်ငံတော်၌ ရရှိထားပြီးဖြစ်သော တည်ငြိမ်အေးချမ်းမှု၊ လုံခြုံမှုနှင့် တရားဥပဒေစိုးမိုးမှု၊ စည်းလုံးညီညွတ်မှု၊ ဖွံ့ဖြိုး တိုးတက်မှုနှင့် ဒီမိုကရေစီဖော်ဆောင်မှု အရှိန်အဟုန်ကို ပိုမိုခိုင်မာစေရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စု စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရေး။

☆ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို တည်ဆောက်ရာတွင် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးသည် ပဓာန ကျသဖြင့် ပြည်ထောင်စုပြိုကွဲစေရန်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ယိုယွင်းပျက်စီးစေရန် ဖျက်လိုဖျက်ဆီး ကြံစည်အားထုတ် လုပ်ဆောင်လာမှုမှန်သမျှကို တိုင်းရင်းသားအားလုံးက သတိကြီးစွာဖြင့် တားဆီးကာကွယ်ရေး။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၁၂-၂၀၁၀ (တနင်္ဂနွေနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	"အချိန်နှင့်အလုပ်"တရားတော် (သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ)
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၀၉)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၇၆)**
၈း၄၀	Fashion Music Festival (Part-6)
၉း၂၀	Sunday Talk (တေးရေးမြင့်မိုးအောင်၊ မျိုးမြတ်သူ)
၉း၅၅	ဒါနကုသိုလ်ထုံသင်းပျံ့ချီ. . . မြို့ရွှေဘို၏ ဘုံမဟာကထိန်ဆီ. .
၁၀း၂၅	"မီးတောက်အနမ်း" ဗီဒီယိုဇာတ်ကားမိတ်ဆက်
၁၀း၄၅	ဗီဒီယိုပြခန်း
၁၁း၀၅	ဈေးဝယ်လမ်းညွှန် (Precious Gems And Gewellery)
၁၁း၂၅	မြန်မာ့ရုပ်ရှင် နှစ်(၉၀)ပြည့်ဂုဏ်ပြုအစီအစဉ် (အပိုင်း-၂)
၁၂း၀၅	Activities In The City (Nexus Language Learning Center ၏ Certificate Awarding Ceremony)
၁၂း၂၀	ရေဆေးနည်းပညာသစ်ဆန်း သစ်သားပေါ်လစ်ဆေးအစွမ်း
၁၂း၄၀	ရန်ကုန်မြင်ကွင်းကျယ် (Artiscent Thai Herbal Skin Care Products မိတ်ဆက်ပွဲ)
၁း၀၀	"အချိန်နှင့်အလုပ်"တရားတော် (သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ)
၂း၀၀	MRTV-4 သတင်း
၂း၂၀	စကားနပန်း (စိတ်ကောက်တာကောင်းတယ်၊ စိတ်မကောက်တာကောင်းတယ်)
၃း၂၀	သက်ရှည်နုပျိုကျန်းမာရှင်လန်း Royal ABG အစွမ်း
၃း၃၅	Kid's Show
၄း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၇၆)**
၄း၅၀	ရန်ကုန်မြင်ကွင်းကျယ် [မြန်မာ့ပုံရိပ်များဓာတ်ပုံပြိုင်ပွဲ (ဆုပေးပွဲနှင့်ပြပွဲ)ဖွင့်လှစ်ခြင်းအခမ်းအနား]
၅း၀၅	သွားမယ်စားမယ် (စံတော်ဝင် Food Center)
၅း၃၀	Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၆း၀၀	MRTV-4 သတင်း
၆း၂၀	MRTV-4 ကာတွန်းအစီအစဉ်
၆း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၁၀)**
၇း၂၅	Fashion Music Festival (Part-7)
၈း၀၀	MRTV-4 သတင်း
၈း၃၀	ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၂၀)
၈း၅၀	ဟိုတယ်လမ်းညွှန် (Dusit Inya Lake)
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၇၇)**
၁၀း၁၀	ပန်းချီပြခန်း (Peace of Mind)
၁၀း၂၅	Barclays Premier League (Chelsea Vs Man U)
၁၂း၂၅	ကလေးများနဲ့ကျန်းမာရေး (ဒေါက်တာခင်စပယ်အေး)
၁၂း၃၀	နုယဉ်ဆန်းထွင် ပန်းအလှဆင် (ပန်းပွင့်များရဲ့ ဖန်တီးရှင်) (မင်္ဂလာဆောင်လက်ကိုင်ပန်းနှင့် Artist လက်ကိုင်ပန်းပြုလုပ်နည်း)
၁၂း၅၅	ဝင့်ကြွားအားမာန် "ကတိုက်"တမံ
၁း၀၀	ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ ခင်သီတာအုန်း)
၁း၂၅	အဆီအနှစ်ပြည့်ဝသော သဘာဝအရသာ နန်းဝေရှို့မှန့်မှာ
၁း၄၀	လှပချစ်စရာ လက်မှုအနုပညာ (Sweet Pink)
၂း၁၀	တစ်ပြည်ဝင်အိုး (ဇော်ဦး၊ ခိုင်ခန့်၊ အာကာစိုး၊ နွဲ့နွဲ့မူ၊ မျိုးစန္ဒီကျော်) [ဒါရိုက်တာ-ဝင်းမောင်ရွှေ(Art)]
၂း၃၀	Movie Mistakes (Mr and Mrs Smith)
၂း၅၅	လက်မှုပညာ၏ဆန်းသစ်သော ဖန်တီးမှုနှင့်. . .
၃း၀၅	ထာဝရအမှတ်ရစရာ ရွှေပြားပုံရိပ်လွှာ
၃း၃၀	RO ဆိုတဲ့ KTM
၃း၅၅	ပါရမီတက္ကစီစွမ်းဆောင်အား ပြည်သူများအတွက် အလေးထား
၄း၁၀	နည်းပညာအစွမ်းထက် SOLAR HUT
၄း၂၅	မျက်စိအမြင်ရှင်သန်ရေး ပဏာမ မျက်စိကျန်းမာရေး စောင့်ရှောက်ပေး
၄း၃၅	မျိုးဂုဏ်မြင့်စေမည့် မြန်မာ့ပန်းယွန်းပညာ
၄း၄၀	ထူးထူးခြားခြား သစ်ခေါက်ပန်းချီကား
၅း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League **ဘောလုံးပွဲစဉ်များ**

ညပိုင်း	ပွဲစဉ်			ပြသမည့်လိုင်း
၇း၅၅	Blackpool	-	Tottenham	ESPN (Live)
၁၀း၂၅	Chelsea	-	Man U	ESPN (Live)

လမ်းအသုံးပြုခ ကောက်ခံဂိတ်အချို့၌ ဆိုလာစွမ်းအင် တပ်ဆင်အသုံးပြုလာ

ရန်ကုန် ဒီဇင်ဘာ ၁၈

ပုံမှန်လျှပ်စစ်ဓာတ်အားမရရှိသေးသည့် ဒေသအချို့တွင် ဆိုလာစွမ်းအင်ကို ကျယ်ကျယ်ပြန့်ပြန့် အစားထိုးသုံးစွဲလာကြသည်။ ယင်းသို့ ဆိုလာစွမ်းအင်သုံးစွဲမှုများအနက် လမ်းအသုံးပြုခ ကောက်ခံဂိတ်အချို့တွင်လည်း ဆိုလာစွမ်းအင် တပ်ဆင်အသုံးပြုခြင်းများ ရှိလာပြီဖြစ်သည်။ ဆိုလာစွမ်းအင် တပ်ဆင်အသုံးပြုသည့်လမ်းအသုံးပြုခကောက်ခံရေးဂိတ်တစ်ခုမှာ စစ်ကိုင်းတိုင်းဒေသကြီးကသာ၊ အင်းတော်၊ နမ့်စီးအောင်လမ်းပိုင်းဖြစ်ပြီး ကနဦး တပ်ဆင်မှုအနေဖြင့် ကသာမြို့အထွက်ဂိတ်တွင် စတင်အသုံးပြုခြင်းဖြစ်သည်။ အဆိုပါ လမ်းပိုင်းအားဆုထူးပန် ဆောက်လုပ်ရေးကုမ္ပဏီက B.O.T စနစ်ဖြင့် လုပ်ကိုင်နေခြင်းဖြစ်ပြီး တပ်ဆင်သည့် ဆိုလာစနစ်မှာ အိုကေမြန်မာကုမ္ပဏီ၏ SANYO ဆိုလာစနစ်ဖြစ်သည်။ လမ်းအသုံးပြုခ ကောက်ခံရေးဂိတ်များသည် ညအချိန်တွင် အချိန်ပြည့် လျှပ်စစ်မီးရရှိအသုံးပြုရန် လိုအပ်ပြီး မီးစက်များ အသုံးပြုရာတွင် တစ်ညလုံး မရပ်မနား မောင်းနှင်ရန် အခက်အခဲရှိခြင်း၊ အသံဆူညံခြင်း၊ မီးဘေးအန္တရာယ် စိုးရိမ်ရခြင်းများကြောင့် ဆိုလာစနစ်ကို ပြောင်းလဲတပ်ဆင် အသုံးပြုခြင်းဖြစ်ကြောင်း သိရသည်။ ယခု တပ်ဆင်ထားသည့် ဆိုလာစနစ်တွင် တစ်ချပ်လျှင် ၁၈၆ ဝပ်ရှိ SANYO ဆိုလာပြား သုံးပြားတပ်ဆင်ထားပြီး ယာဉ်အသုံးပြုခကောက်ခံရေးဂိတ်နှင့် ဂိတ်ဝန်းကျင်ရှိလမ်းမီးတိုင် စုစုပေါင်း မီးချောင်း ၁၄ ချောင်းအား တစ်ညလုံး လျှပ်စစ်ဓာတ်အား ပေးနိုင်သည်။ ထို့အပြင် ဝန်ထမ်းများအတွက် ရုပ်မြင်သံကြားဖမ်းစက် DVD စက်များ ကြည့်ရှုနိုင်သည်။ ဆုထူးပန်ကုမ္ပဏီသည် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကုမ္ပဏီမှ B.O.T စနစ်ဖြင့် လုပ်ကိုင်လျက်ရှိသည့် လမ်းများ၏ လမ်းအသုံးပြုခကောက်ခံရေးဂိတ်များတွင် ဆိုလာစနစ်ဖြင့် ပြောင်းလဲတပ်ဆင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ အိုကေ မြန်မာကုမ္ပဏီအနေဖြင့် တပ်ဆင်ထားသည့် SANYO ဆိုလာပြားများအား နှစ် ၂၀ အာမခံပေးထားပြီး ဝန်ဆောင်မှု အပြည့်အဝတာဝန်ယူထားကြောင်း အသေးစိတ်သိရှိလိုပါက ကုမ္ပဏီရုံးချုပ် အမှတ်(၉-ဂျီ) MGW တာဝါ ဗိုလ်အောင်ကျော်လမ်း ဗိုလ်တထောင်မြို့နယ် ဖုန်း- ၀၁-၂၅၆၅၀၁ မှ ၀၆သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်းသိရသည်။

(သတင်း-ဇော်ဝိတ်)

ကသာ၊ အင်းတော်၊ နမ့်စီးအောင်လမ်းပိုင်း ကသာလမ်းအသုံးပြုခကောက်ခံရေးဂိတ်တွင် SANYO ဆိုလာစနစ် တပ်ဆင်အသုံးပြုနေသည်ကိုတွေ့ရစဉ်။
(ကြေးမုံ)

ဇီဝ
မျိုးစုံ
မျိုးကွဲတွေ
ကြွယ်စေဖို့
သဘာဝတောတွေ
ထိန်းသိမ်းစို့

တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော်　　ဒီဇင်ဘာ　　၁၈

၂၀၁၀ခုနှစ် (၄၉)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပေါင်းလောင်းအားကစားကွင်း၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးအသင်းက အရှေ့မြောက်တိုင်းစစ်ဌာနချုပ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ ညနေပိုင်းတွင် အမှတ်(၁)အားကစားကွင်း၌ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းနှင့် တပ်မတော်(ရေ)အသင်းတို့သည် ဂိုးမရှိ သရေဖြင့် လည်းကောင်း၊ ပေါင်းလောင်းအားကစားကွင်း၌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက တပ်မတော်(လေ)အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိသွားကြကြောင်း သတင်းရရှိသည်။　(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ကျောင်းပေါင်းစုံ လွန်ဆွဲပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။
(ရိုးရာအားကစားအဖွဲ့ချုပ်)

ရန်ကုန်တိုင်းဒေသကြီး ကျောင်းပေါင်းစုံ လွန်ဆွဲပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန်　ဒီဇင်ဘာ　၁၈

မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်နှင့် အမှတ်(၃) အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ရန်ကုန်တိုင်းဒေသကြီး ကျောင်းပေါင်းစုံ လွန်ဆွဲပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ဗိုလ်တထောင်မြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းဝင်းရှိ ဘောလုံးကွင်း၌ကျင်းပရာ ရှေးဦးစွာ ပြိုင်ပွဲဝင် လွန်ဆွဲအားကစားအသင်းများ သတ်မှတ်နေရာ၌ နေရာယူကြပြီး အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းအေးက အဖွင့်အမှာစကားပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်လေးချက်ကို ရွတ်ဆိုကြပြီး ပထမနေ့ အမျိုးသား၊ အမျိုးသမီး လွန်ဆွဲအားကစားပြိုင်ပွဲကို ကျင်းပသည်။

ရန်ကုန်တိုင်းဒေသကြီး ကျောင်းပေါင်းစုံ အမျိုးသား၊ အမျိုးသမီး လွန်ဆွဲပြိုင်ပွဲသို့ အမျိုးသား ၁၈ သင်း၊ အမျိုးသမီး ၁၂ သင်း စုစုပေါင်းအသင်း ၃၀ တို့မှ လွန်ဆွဲအားကစားသမား မောင်မယ် ၃၀၀ တို့ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။　(သတင်းစဉ်)

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မြင်းစီးအားကစားပြိုင်ပွဲ ကျင်းပမည်

ရန်ကုန်　ဒီဇင်ဘာ　၁၈

မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်ကကြီးမှူး၍ ၂၀၁၁ ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မြင်းစီးအားကစားပြိုင်ပွဲကို ဇန်နဝါရီ ၂ရက်မှ ၄ရက်အထိ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပြည်ထောင်စုလမ်းရှိ ရန်ကုန်မြင်းစီးအသင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ဒုန်းအကြီးတန်းပြိုင်ပွဲ၊ ဒုန်းအငယ်တန်းပြိုင်ပွဲ၊ Show Jumping (Team) ပြိုင်ပွဲ၊ Individual ပြိုင်ပွဲ၊ Cross Country ပြိုင်ပွဲနှင့် Bare Back ပြိုင်ပွဲဟူ၍ ခြောက်မျိုးပါဝင်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် မြင်းစီးအားကစားမောင်မယ်များသည် ဒီဇင်ဘာ ၂၆ ရက် ညနေပိုင်း နောက်ဆုံးထား၍ ရန်ကုန်မြင်းစီးအသင်း မန်နေဂျာ ဦးစန်းယုဝင်း (မြင်းစီးအားကစားကွင်း) ဖုန်း-၅၈၄၉၆၂ နှင့် ၀၉-၅၁၂၀၆၂၅ တို့သို့ အမည်စာရင်းပေးသွင်းရန်ဖြစ်ကြောင်း သတင်းရရှိသည်။　(သတင်းစဉ်)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန်　ဒီဇင်ဘာ　၁၈

ကျွန်းစုမြို့နယ် မြကျွန်းသာ ဂေါက်ကလပ်တွင် နိုဝင်ဘာ ၁၀ ရက်က ဒုတိယဗိုလ်မှူးကြီးအောင်ဇော်လှိုင်သည် ကစားဖော်များဖြစ်သော ဒုတိယဗိုလ်မှူးကြီး စိုးမိုးအောင်၊ ဗိုလ်မှူးလှမိုး၊ ဗိုလ်မှူးအောင်မျိုးလွင်တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၁)သို့ ကိုက် ၁၁၀ အကွာမှ SEROXON(1) ဘောလုံးကို TAYLORMATE-7 ဂေါက်ရိုက်တံဖြင့် ရိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားကြောင်း သတင်းရရှိသည်။　(ကြေးမုံ)

နိုင်ငံတကာ အားကစားသတင်းများ　နိုင်ငံတကာ အားကစားသတင်းများ　နိုင်ငံတကာ အားကစားသတင်းများ　နိုင်ငံတကာ အားကစားသတင်းများ

စိုးတင့်နိုင်

ချန်ပီယံလိဂ် ၁၆သင်းအဆင့်ပွဲစဉ်များ မဲခွဲ အာဆင်နယ်နှင့် ဘာစီလိုနာတို့ ထိပ်တိုက်တွေ့ဆုံ

နီယွန်　ဒီဇင်ဘာ　၁၈

၂၀၁၀-၂၀၁၁ ဘောလုံးရာသီ၏ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ရှုံးထွက်ပွဲစဉ်များကို ယမန်နေ့က မဲခွဲဆုံးဖြတ်ခဲ့ရာ မန်ယူနှင့် ချယ်လ်ဆီးတို့ ပွဲချောင်သည်ဟု ဆိုနိုင်သော်လည်း အာဆင်နယ်မှာမူ ဘာစီလိုနာနှင့် ထိပ်တိုက်ဆုံတွေ့ရမည်ဖြစ်သည်။

အဆိုပါ ရှုံးထွက်ပွဲစဉ်များ၏ ပထမအကျော့ပွဲစဉ်များကို ဖေဖော်ဝါရီ ၁၅၊ ၁၆ နှင့် ၂၂၊ ၂၃ရက်များတွင် ယှဉ်ပြိုင်ကစားစေမည်ဖြစ်ပြီး ဒုတိယအကျော့ပွဲစဉ်များကို မတ် ၈၊ ၉ နှင့် ၁၅၊ ၁၆ရက်များတွင် ယှဉ်ပြိုင်ကစားစေမည်ဖြစ်သည်။

၁၆ သင်းရှုံးထွက်အဆင့်တွင် ရိုးမား(အီတလီ)နှင့် ရှက်တာဒိုးနက်(ယူကရိန်း)၊ အေစီမီလန် (အီတလီ)နှင့် စပါး(အင်္ဂလန်)၊ ဗလင်စီယာ(စပိန်)နှင့် ရှော်ကေး(ဂျာမနီ)၊ အင်တာမီလန်(အီတလီ) နှင့် ဘိုင်ယန်မြူးနစ်(ဂျာမနီ)၊ လိုင်ယွန်(ပြင်သစ်)နှင့် ရီးယဲလ်မက်ဒရစ်(စပိန်)၊ အာဆင်နယ် (အင်္ဂလန်)နှင့် ဘာစီလိုနာ(စပိန်)၊ မာဆေးလ်(ပြင်သစ်) နှင့် မန်ယူ(အင်္ဂလန်)၊ ကိုပင်ဟေဂင်(ဒိန်းမတ်)နှင့် ချယ်လ်ဆီး(အင်္ဂလန်)တို့ ဖြစ်ကြသည်။　***အင်တာနက်။***

ပရီမီယာလိဂ်၏ ပထမဆုံး ၁၀ ဂိုး ဆုရှင် မန်ယူတိုက်စစ်မှူး ဘာဘာတော့ဗ်။

ပထမဆုံး ၁၀ ဂိုးပြည့် ဂိုးသွင်းရှင်ဆု ဘာဘာတော့ဗ် ဆွတ်ခူး

လန်ဒန်　ဒီဇင်ဘာ　၁၈

၂၀၁၀-၂၀၁၁ ဘောလုံးရာသီ အင်္ဂလိပ်ပရီမီယာလိဂ်တွင် ပထမဦးဆုံး ၁၀ဂိုးပြည့် ဂိုးသွင်းရှင်ဆုကို ချီးမြှင့်ရာ မန်ယူတိုက်စစ်မှူး ဘာဘာတော့ဗ် ဆွတ်ခူးရရှိသွားသည်။

ရာသီအစပိုင်းတွင် ပုံမှန်ခြေစွမ်း မရရှိဘဲ ဂိုးပေါက်ပျောက်နေ၍ ရှုံ့းကန်နေရသည့် ဘာဘာတော့ဗ်သည် လီဗာပူးအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရသည့်ပွဲတွင် ဟက်ထရစ်သွင်းခဲ့သကဲ့သို့ ပွဲစဉ်(၁၅)တွင် ဘလက်ဘန်းအသင်းကို ခုနစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်ပွဲတွင်လည်း တစ်ဦးတည်း ငါးဂိုး သွင်းယူပေးနိုင်ခဲ့သည်။　***အင်တာနက်။***

မော်ရင်ဟို တိုက်စစ်မှူးတစ်ဦး ခေါ်ယူမည်

မက်ဒရစ်　ဒီဇင်ဘာ　၁၈

ရီးယဲလ်မက်ဒရစ်နည်းပြ မော်ရင်ဟိုသည် လာမည့်ဇန်နဝါရီ အပြောင်းအရွှေ့ ဈေးကွက်ဖွင့်ချိန်တွင် တိုက်စစ်မှူး တစ်ဦး ခေါ်ယူမည်ဟု သိရသည်။

မော်ရင်ဟိုခေါ်ယူရန် ပစ်မှတ်ထားနေသည့် တိုက်စစ်မှူးများစာရင်းတွင် မန်စီးတီးမှ တီဗက်ဇ်၊ အဒီဘာယောနှင့် မန်ယူမှ ဟာနန်ဒက်ဇ်တို့ ပါဝင်နေသည်။ ရီးယဲလ်မက်ဒရစ်တွင် တိုက်စစ်မှူး ဟီဂွါရင် ဒဏ်ရာရနေ၍ တိုက်စစ်မှူး တစ်ဦး အမြန်အလိုရှိနေခြင်းဖြစ်သည်။ ၎င်းတို့ သုံးဦးထဲတွင် မန်စီးတီး တိုက်စစ်မှူး တီဗက်ဇ်မှာ ချက်လ်ဆီး အသင်း၏ စိတ်ဝင်စားခြင်းကိုလည်း ခံနေရသည်။　***အင်တာနက်။***

ဝင်းတင်(ကြေးမုံ)

ဆမ်ဒိုးရီးယားကြယ်ပွင့် အန်တိုနီယိုကက်ဆာနို အေစီမီလန်သို့ ပြောင်းရွှေ့ရန် သဘောတူညီ

ဆမ်ဒိုးရီးယား　ဒီဇင်ဘာ　၁၈

ဆမ်ဒိုးရီးယားအသင်းတိုက်စစ်မှူး အန်တိုနီယိုကက်ဆာနိုသည် လာမည့်အပြောင်းအရွှေ့ကာလ၌ အေစီမီလန်သို့ပြောင်းရွှေ့ရန် သဘောတူညီမှုရရှိပြီးဖြစ်ကြောင်း သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ကက်ဆာနိုသည် မီလန်နှင့် ၂၀၁၄ ခုနှစ်အထိ စာချုပ်ချုပ်ဆိုမည်ဖြစ်ပြီး တစ်ရာသီစာအတွက် ယူရို ၃ ဒသမ ၅ သန်းအပြင် အပိုဘောက်ဆူးပါ ရရှိမည်ဖြစ်သည်။

ဆမ်ဒိုးရီးယားအသင်းက ကက်ဆာနို၏ ယခင်အသင်းဟောင်း ရီးယဲလ်မက်ဒရစ်ကို ၎င်းအား စာချုပ်သက်တမ်းမပြည့်မီ ရောင်းချမှုအတွက် ယူရို ၅သန်းခန့် ပေးချေရမည်ဖြစ်သည်။

အီတလီနိုင်ငံသား ကက်ဆာနိုကို ဝယ်ယူရန်အတွက် မီလန်နည်းပြ မက်ဆီမီလီယာနိုဘယ်လာဂရီက ခွင့်ပြုချက် ရရှိထားပြီးဖြစ်သည်။　***အင်တာနက်။***

ဆမ်ဒိုးရီးယားမှ အေစီမီလန်သို့ ပြောင်းရွှေ့တော့မည့် တိုက်စစ်မှူး အန်တိုနီယိုကက်ဆာနို။

မာရာဒိုနာကိုမန်နေဂျာခန့်မည်ဆိုသည့် သတင်း ဘလက်ဘန်း ငြင်းဆို

ဘလက်ဘန်း　ဒီဇင်ဘာ　၁၈

အသင်းမှ ထုတ်ပယ်လိုက်သော မန်နေဂျာ ဆမ်အလာဒိုက်နေရာအား အာဂျင်တီးနား ဂန္ထဝင်ကစားသမား ဒီယေဂိုမာရာဒိုနာနှင့် အစားထိုးမည်ဟူသည့် သတင်းများကို ဘလက်ဘန်းပိုင်ရှင်များက ပယ်ချလိုက်သည်။

ဗန်ကီအုပ်စု၏ဥက္ကဋ္ဌ အနုရဓ္ဓဒေစိုင်းက အိန္ဒိယနိုင်ငံသား ပိုင်ရှင်များအနေဖြင့် ဆမ်အလာဒိုက်ကို ထုတ်ပယ်ပြီးနောက် မာရာဒိုနာကိုခန့်အပ်ရန် စဉ်းစားခဲ့ဖူးသည်ဟု ဝန်ခံခဲ့သည်။

ဘလက်ဘန်းအသင်းနည်းပြအဖြစ် ခန့်အပ်ရန် သတင်းထွက်ပေါ်သော်လည်း ငြင်းဆိုခံရသည့် မာရာဒိုနာ။

သို့သော် ယခုအခါ ဘလက်ဘန်းအသင်းသည် အသက်(၅၀)အရွယ် မာရာဒိုနာကို ခန့်အပ်တော့မည်မဟုတ်ဘဲ စတိဗ်ကင်းကို ရာသီအကုန်အထိ ယာယီနည်းပြအဖြစ် ခန့်အပ်သွားမည်ဖြစ်သည်။

မာရာဒိုနာနှင့် ပတ်သက်သည့် သတင်းများကို အဆက်အစပ်မရှိဟု ဒေစိုင်းက ငြင်းဆိုခဲ့သည်။ ထို့ပြင် သူသည် နည်းပြဟောင်း ဆမ်အလာဒိုက် ၏ အပြောင်းအရွှေ့ လှုပ်ရှားမှုများကိုလည်း ဝေဖန်ခဲ့သေးသည်။

အင်တာနက်။

မြန်မာနိုင်ငံအောက်ပိုင်းဒေသများ၌ နေရာကွက်ကျားမိုးရွာနိုင်

နေပြည်တော်　　ဒီဇင်ဘာ　　၁၈

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျားမိုးရွာခဲ့ပြီး ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** ကချင်ပြည်နယ်တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်အောက် ၄ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်အောက် ၅ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဒီဇင်ဘာလ၏ပျမ်းမျှ အပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၆ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန် ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** မချမ်းဘောမြို့နှင့် ဟားခါးမြို့တို့တွင် ၂ ဒီဂရီစင်တီရိတ်စီ၊ မိုးကုတ်မြို့တွင် ၃ ဒီဂရီစင်တီဂရိတ်နှင့် ပူတာအိုမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** ကော့သောင်းမြို့တွင် သုည ဒသမ ၃၉ လက်မနှင့် ဘားအံမြို့တွင် သုည ဒသမ ၃၂ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းနှင့် အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ဒီဇင်ဘာ ၁၉ ရက် ညနေထိခန့်မှန်းချက်။ ။ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျားမိုးရွာနိုင်ပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့် ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် နေရာကွက်ကျားမိုးရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

- တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
- တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

- မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
- ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
- အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

ပြည်တွင်းထွက် ဘီလပ်မြေဖြင့် ဖောက်လုပ်နိုင်သည့် ကွန်ကရစ်လမ်းများဖြင့် လမ်းပိုင်းအလိုက် အစားထိုးဖောက်လုပ်နိုင်မည့် အခြေအနေကို သုတေသနပြု

ကတ္တရာကျိုခြင်း၊ လောင်းခြင်း၊ ကျောက်ကြိတ်ခွဲခြင်း လုပ်ငန်းများကို စက်များဖြင့် အသုံးပြုနိုင်ရန် လိုအပ်သည့် စက်ကိရိယာများကို ကိုယ်ပိုင်စက်ရုံများတွင် တီထွင်ထုတ်လုပ်သွားနိုင်ရန် လိုအပ်



နေပြည်တော် ဒီဇင်ဘာ ၁၈

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ ကာကွယ်ရေးဦးစီးချုပ် (ရေ)၊ ကာကွယ်ရေးဦးစီးချုပ် (လေ)နှင့် အဖွဲ့ဝင်များလိုက်ပါလျက် ဒီဇင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့မှ ရဟတ်ယာဉ်ဖြင့် ထွက်ခွာခဲ့ရာ ပြင်ဦးလွင်(ရေငယ်)-မိုးကုတ်လမ်း လမ်းဖောက်လုပ်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိသည်။ စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြင်ဦးလွင်(ရေငယ်) - မိုးကုတ်လမ်းဖောက်လုပ်ရေးစီမံကိန်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)